ဝေဒနာတွေ နေအပူလို့ထားခဲ့
ကျန်တဲ့သူ မညှာတာအားတယ်
စိမ်းကားလေရဲ့

ခိုင်စံရွှေမြင့်

# ခရီးသည်၏အဓိဋ္ဌာန်

အနောက်ဆီတွင် – နေဝင်လည်း
ညတွင်လမင်း – ထိုအလင်းနှင့်
လမ်းခင်းမပျက်
ခရီးပေါက်အောင် ဆက်လျှောက်မည်။

ဒီတစ်ညခင်း – လမဝင်းလည်း
ကြယ်လင်းရောင်ရှိန် – သေးမှိန်မှိန်နှင့်
အရှိန်မြှင့်ထား
စူးစိုက်လျှောက်လှမ်း လမ်းကားမပျောက်
ခရီးပေါက်အောင် ဆက်လျှောက်မည်

နေဝါမလင်း – လမင်းမထိန်
ကြယ်မှိန်မလက် – ရှေ့ဆက်မလွယ်
အမှောင်ကွယ်လျှ – သွားဖွယ်ခရီး
တွေးမညည်းပါ – မီးအိမ်ပြင်လို့
ထွန်းညှိဆင်ပြီး
ဆက်လျှောက်သွားမည်
ခရီးသည်၏ ရွယ်ရည်အဓိဋ္ဌာန်သာတကား။

ခိုင်စံရွှေမြင့်

မှတ်ချက်–
လုပ်ဖော်ကိုင်ဖက် မျိုးချစ်တော်လှန်ရေးသ
မားများအားလုံး ဤကဗျာဖြင့် ဂုဏ်ပြု

# သင့်ဘဝမှာဘာအရေးကြီးဆုံးလဲ

ဒီလိုမျိုး လူတွေကိုလိုက်မေးရင် အမျိုးမျိုးဖြေကြမှာပဲနော်။ တစ်ယောက်နဲ့တစ်ယောက် အမြင်အတွေး တူကြမှာမဟုတ်ဘူး။ ကိုယ့်ကိစ္စနဲ့ကိုယ် အရေးကြီးနေတာဆိုတော့ ဘယ်လိုဖြေကြဖြေကြ မှားတယ်လို့တော့မရပေဘူးပေ့ါ။

လူတွေ ကိုယ့်ကိစ္စနဲ့ကိုယ် အမျိုးမျိုးအဖုံဖုံအရေးကြီးနေကြတယ်။ ခေတ်ကြီးကတော့ ကျနော့်မျက်စိထဲ ပုရွက်ဆိတ်အုံကြီးနဲ့တူနေတယ်ခင်ဗျား။ ကြဲကြဲဖန်ဖန် လူတွေကို ပုရွက်ဆိတ်နဲ့များနှိုင်းရသလားလို့ အပြစ်တင်ရင်လည်းခံရမှာပါပဲ။ ကျနော်ဟိုလုပ်ဒီလုပ်နဲ့ အဲဒီအတွေးခေါင်းထဲကို အလိုလိုဝင်လာတာပါ။

ကျနော်တို့ရွာမှာ မနက်စောစောရွာမှအလုပ်လုပ်တဲ့ဆရာ၊ ဆရာမတွေသွားကြ လာကြ ရွာထဲကဈေးသည်တွေလည်း တောင်းကြီးတောင်းငယ်နဲ့ဈေးဝယ်ထွက်ကြ။ ကျောင်းသွားမည့်ကျောင်းသူကျောင်းသားများ ပြေးကြ၊လွှားကြနဲ့ကျနော့်မျက်စိထဲမှာ ပုရွက်ဆိတ်အုံကထွက်လာတဲ့ပုရွက်ဆိတ်ကလေးအတိုင်းဘဲ။ မိုးလင်းကတည်းက ကိုယ့်ကိစ္စနဲ့ကိုယ် အရေးကြီးနေကြတာကို။

ဒါပေမဲ့ တချို့လူတွေတော့ မတွေးတတ်တဲ့လူတွေနဲ့ ဒီနေရာမှာကွဲထွက်သွားတယ်။ မတွေးတတ်တဲ့သူမှာတော့ အသက်( ၅၀၊ ၆၀)ဟာ အိုမင်းမစွမ်းတဲ့အထိ ကိစ္စအမျိုးမျိုး အလှည့်ကျအရေးကြီးနေတာပါပဲ။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး လေးလေးနက်နက် ဘာမှမစဉ်းစားဘူး။

တွေးတတ်တဲ့သူကတော့ အင်း…တို့မှာ သူ့အချိန်နဲ့သူအရေးကြီးခဲ့ရတဲ့ကိစ္စလေးလည်းများပြီး၊ ဒီလိုနဲ့အသက်တွေလည်းကြီးလာပြီး၊ပညာသင်တုန်းကလည်းစာတတ်ဖို့၊ စီးပွားရှာတော့လည်းချမ်းသာဖို့၊ အိမ်ထောင်ပြုပြန်တော့ သားကိစ္စသမီးကိစ္စ၊ ပြီးတော့မြေးကိစ္စ၊ တစ်ခါတစ်လေလည်း ဘာဆက်လုပ်ရမှန်းမသိလို့ ယောင်ချာချာနဲ့၊ ဒီလိုနဲ့စက်ဝိုင်းကြီးလိုမပြီးနိုင်မစီးနိုင်၊ ပတ်ပြီးလည်နေတာပါပဲ။

လူတစ်ယောက် စက်ဝိုင်းတစ်ဝိုင်းပေ့ါဗျာ၊ ဒါပေမဲ့ စက်ဝိုင်းကိုယ်စီနဲ့ တစ်ခြားလူတွေဘက်လှည့်ကြည့်လိုက်ပြန်တော့လည်း အားပါး–သူတို့လည်းချာချာလည်နေကြတာပါပဲလား။

အိမ်ကမိန်းမက ကလေးမှုကြိုဆရာမဆိုတော့ တစ်ခါတစ်လေ ထမင်းစားချိန်လေးတောင်မအားရလို့ဆိုပြီးညည်းရှာရဲ့။ ကြာလာတော့ ကျနော့်မျက်စိထဲ လည်နေတဲ့စက်ဝိုင်းတွေချည်းပဲမြင်နေတော့တယ်။

ပိုပြီးအံ့သြဖို့ကောင်းတာက အဲဒီစက်ဝိုင်းတွေကလည်းချာချာလည်နေရင်းနဲ့တောင်မှ တစ်ခုနဲ့တစ်ခုတိုက်ကြမိုက်ကြသေးသဗျာ။

ဒီလိုနဲ့ လည်နေတဲ့စက်ဝိုင်းထဲကလူသားတစ်ယောက်ဟာ အသက်(၄၀)လောက်ကျရင် ဒီလည်နေတာကြီးကို ယစ်မူးနေရာကဖြီးငွေ့စပြုလာတယ်ဆိုပဲ။

လူတွေလိုအပ်ချက်မက်မောကြတဲ့ ဥစ္စာ–ပညာ–အခွင့်အရေး–ကျော်စောမှု–အားလုံးပြီးပြည့်စုံနေပေမယ့် ဒီစက်ဝိုင်းကြီးလည်တာကို ပျင်းလာတဲ့သဘောလို့ပြောတာပါပဲ။

ဒါပေမဲ့ အပေါ်မှာ ကျနော်ပြောခဲ့သားပဲ။ တွေးတဲ့သူကတွေးတာပါ။ မတွေးတဲ့သူကတော့နောက်ဆုံးသေသာသွားရော ဘာမှမသိလိုက်ပါဘူး။

တွေးတဲ့လူက တစ်ကယ့်စက်ဝိုင်းပါပဲ။ ဒီစက်ဝိုင်းကအကျိုးပြုမယ့်စက်ဝိုင်းပါပဲ။ အသက်(၄၀)မှဖြစ်တယ်လို့ဆိုပေမယ့် ဒီထက်စောစောလည်းဖြစ်တတ်ပါတယ်။ တစ်ခါ ပါရမီပေါ်မှာမူတည်လို့ပါ။

အဲဒီမှာ မေးခွန်းတစ်ခုပေါ်လာတယ်။ သင့်ဘဝမှာ ဘာအရေးကြီးဆုံးလဲတဲ့။ ချာလပတ်လည်နေတဲ့စက်ဝိုင်းကြီးကို သူငြီးငွေ့လာပြီး တန်ဖိုးသိပ်မထားတော့ဘူး။ ငယ်ငယ်က တန်ဖိုးထားခဲ့တဲ့ပညာဂုဏ်တွေ၊ ဥစ္စာဂုဏ်တွေ၊ အချစ်ရေးအရသာတွေ၊ ဒါတွေကိုခွာလိုက်တော့ သူဘာကိုအရေးကြီးရမှန်းမသိတော့ဘူး။ ယောင်ချာချာဖြစ်သွားတယ်။ အဲဒါစက်ဝိုင်းပါပဲ။ ဒါပေမဲ့ သိပ်ကောင်းတဲ့စက်ဝိုင်းနော်။ စက်ဝိုင်းမဖြစ်သေးတဲ့သူတွေထက်အများကြီးသာနေပါပြီ။ ရပ်နေလို့မရဘူး။ ရှေ့ဆက်သွားရမည့်လမ်းခွဲ ဘယ်နှစ်ခုလောက်ရှိမလဲ။

စက်ဝိုင်းဟာ လမ်းမှန်နဲ့လမ်းမှားနှစ်မျိုးရှိမှာပေ့ါဗျာ။ မမှားရင်မှန်လို့ပေ့ါ။ မမှန်ရင်မှားလို့ပေ့ါ။ ရှင်းပါတယ်။ဒါပေမယ့် အမှန်ဆိုတာကအနှစ်သာရမှာ တစ်ခုတည်းရှိပေမယ့် အမှားဆိုတဲ့လမ်းမှာတော့ အများကြီးရှိနိုင်တာပဲ။ အမှားတောင်လိုပုံပေ့ါ။

အဲဒီမှာ အရေးကြီးလာတာက သင့်ဘဝမှာဘာအရေးကြီးဆုံးဆိုတဲ့မေးခွန်းရဲ့အဖြေပါလာတော့မယ်နော်။ အမှားတွေကို ခရေစေ့တွင်းကျကျလေ့လာပြီး ပါရဂူမြောက်တတ်ကျွမ်းနေဖို့မဟုတ်တော့ဘဲ အမှန်က ဘာလဲဆိုတာသိဖို့ပါပဲ။

အမှန်ကဘာလဲဆိုတာသိဖို့ အဲဒါသင့်ဘဝမှာအရေးကြီးဆုံးအချက်ပဲ။ ဒီအချက်အပေါ်မှာဆက်ပြောမည့်အကြောင်းအရာအားလုံးအခြေခံသွားတော့ အမှန်ကဘာလဲဆိုတာသိဖို့ စာဖတ်ပရိသတ်လေ့လာပေတော့။ စာတွေဖတ်၊ ပညာရှိကိုရှာ၊ ဟောတတ်ပြောတတ်ဆုံးမတတ်တဲ့ဆရာသမားကောင်းတွေကိုရှာပြီးဆည်းပူးရမည်။

အမှန်ကဘာလဲဆိုတာ ဆရာသမားကောင်းနဲ့တွေ့ရလို့သိပြီးဆိုပါတော့ ဒုတိယအဆင့်ကိုတက်ရမည်။

လူတစ်ယောက်ဟာ ဘာလုပ်လုပ်အသက်ရှူနေတာပဲမဟုတ်လား။ အဲဒီဥပမာလိုဘဲသိထားတဲ့အမှန်လေးကို ပွားများနေတဲ့အလုပ်ဟာလည်း သင့်ဘဝမှာ အရေးကြီးဆုံးအလုပ်မို့လို့ အသက်ရှူတာလို့ပဲအမြဲကပ်ပါနေရပ့ါမယ်။ ထပ်ပြောပ့ါမယ်။ သိထားတဲ့အမှန်လေးကို ထပ်ထပ်ပြီးပွားများနေရမယ့်အလုပ်မှာ သင့်ဘဝမှာအရေးကြီးဆုံးအလုပ်ပါပဲ။ ဒုတိယအဆင့်ကိုလုပ်နေပြီးလား။ လုပ်နေပြီးဆိုရင် တတိယအဆင့်ကိုပြောရအောင် တတိယအဆင့် သင့်ဘဝမှာ ဘာအရေးကြီးဆုံးလဲဆိုတဲ့မေးခွန်းရဲ့အဖြေကတော့ ငြိမ်းအေးမှုကိုအာရုံပြုဖို့ပါပဲ။

ဒါပေမယ့် ဒီလိုအာရုံပြုနိုင်ဖို့ လုပ်ရမည့်အလုပ်က ဒုတိယအဆင့်မှာ မွေ့လျော်နေဖို့သာပါပဲ။ တစ်ခြားနည်းလမ်းမရှိပါဘူး။ ဒုတိယအဆင့်မှာ မပြတ်မလပ်မွေ့လျော်နေရင် တတိယအဆင့်အတွက် အလိုလိုပြီးပါလိမ့်မည်။

သင့်ဘဝမှာ ဘာအရေးကြီးဆုံးလဲဆိုတဲ့မေးခွန်းရဲ့အဆင့် ကျော်လို့မရတဲ့အဖြေသုံးဆင့်ကို အခုချရေးပြပါမယ်။

(၁)အမှန်ကဘာလဲဆိုတာသိအောင်လေ့လာပါ။
(၂)သိထားတဲ့အမှန်လေးကိုမပြတ်ပွားများပါ။
(၃)ငြိမ်းအေးမှုကိုအာရုံပြုပါ။

ကျနော် စကားတစ်လုံးကြားဘူးတယ်။ အဲဒါက ဒီအသက်အရွယ်အထိ သူများပြောတာတွေကိုပဲ ပြန်ပြောပြနေခဲ့တာ ကိုယ့်စကား ကိုယ်ပြောတတ်အောင် အခုမှလေ့ကျင့်နေရတယ်။ ကျနော်လည်း အခုပြောခဲ့တာတွေဟာ ကိုယ့်စကားချည်းမဟုတ်သေးလို့ရှက်မိပါရဲ့။ ဒါပေမဲ့ ဘာပြောပြော စာဖတ်ပရိသတ်ရောကျနော်တို့ပါ ဒီအချိန်ကစပြီး ကိုယ့်စကား ကိုယ်ပြောတတ်အောင်လေ့ကျင့်ကြစို့လားဗျာ။ ကျိန်းသေပေါက်အကျိုးရှိမှာပါပဲ။

လေးစားစွာဖြင့်
ခိုင်စံရွှေမြင့်

# ဖွဲ့စည်းပုံအခြေခံဥပဒေ (Constitution) တို့အမေ



တို့ကတော့ တို့ကတော့ "ကရင်ရိုင်းကွ" ငယ်ငယ်တုံးကရွတ်လိုက်ရတဲ့ဗမာဆရာရေးတဲ့ကဗျာ
"ကရင်ရိုင်း နှင့်ချင်းရိုင်းမရှောင် ဒေါင်းပြန်ခွပ်ရွာကျွတ်လာတဲ့မောင်"
အခုထိ ကရင်ရိုင်းဟာရိုင်းတုံးဘဲ ဗမာစာကို မှန်အောင်မရေးနိုင် ဒေါက်တာရမ်းကုတစ်အုပ်နဲ့တွေ့လိုက်တော့ ကရင်ရိုင်းဟာ ရိုင်းသထက်ရိုင်းလာတယ်။ မြန်မာပြည်အခြခံဥပဒေ (Constitution) ကို တို့ဒီလိုမြင်တယ်။

၁။*တိုင်းဒေသကြီးကိုဖျက်လိုက် သူ့အစား ဗမာပြည်နယ်ပေါ်ထွက်လာရမည်။* ဗမာလူမျိုးဟာတိုင်းရင်းသားဘဲ၊ ဒေါ်အောင်ဆန်းစုကြည် ပထမမဲရွေးပွဲတုံးက ဗမာလူမျိုးဟာတိုင်းရင်းသားဘဲ၊ သတင်းစာထဲမှာဖတ်ရတယ်၊ ဂျာနယ်ထဲမှာ အများကြီးဖတ်ရတယ်။ တိုင်းရင်းသားဖြစ်တဲ့အတွက်ကြောင့် တိုင်းရင်းသားတိုင်းမှာ ပြည်နယ်ရှိသလို ဗမာလည်းပြည်နယ်ရှိရမည်။ ဗမာပြည်နယ်မရှိလျှင်
"တိုင်းရင်းသားကိုလာတိုက်တယ်။"
"ခေတ်မှီလက်နက်နဲ့လာတိုက်တယ်။"
"လူထုကိုလာတိုက်တယ်။"
အမှတ်(၁)ရွာ၊အမှတ်(၂)ရွာကိုလာဆောက်တယ်။
စေတီများနှင့်ပြည်နယ်များသို့နယ်ချဲ့လာခဲ့တယ်။
လမ်းမကြီးနာမည်၊ လမ်းသွယ်နာမည်၊ ဗမာနာမည်ကြီးဘဲတပ်ပေးတယ်။
ဗမာပြည်နယ်မရှိလို့ ရှိရင် တိုင်းရင်းသားပြည်ထဲသို့ သူတို့ဟာဗမာပြည်နယ်ကိုချဲ့လာခဲ့တယ်။ ဗမာပြည်နယ်ရှိမှသာ တိုင်းရင်းသားပြည်နယ်ထဲသို့ ဗမာပြည်ချဲ့ထွင်မရနိုင်တော့ပါ။ ထို့ကြောင့် "ဗမာပြည်နယ်"ရှိကိုရှိရမယ်။
ဒေသကြီးကိုဖျက်ပစ် ပြည်နယ်ကိုဝါးစားမဲ့ဝေါဟာရဖြစ်သည်။ ပြည်နယ်ကွပ်ကဲရေးခေါ်ရှဲသားနဲ့ ဒေသကွပ်ကဲရေးခေါ်ရခြင်းအကြောင်းဟာဒေသပြည်နယ်ကိုမျိုပစ်မည်။ အလွန်ကြောက်စရာကောင်းသည့်ဝေါဟာရဖြစ်သည်။ တိုင်းနှင့်ဒေသကြီးကိုဖျက်ပစ် ၎င်းအစား "ဗမာပြည်နယ်"အခြေခံဥပဒေပေါ်ထွန်းလာရမည်။

**၂။"ကရင်တစ်ကျပ်သားဗမာတစ်ကျပ်သား" အခွင့်အရေးတန်းတူEqual Representative**

ဒုတိယကမ္ဘာစစ်ပြီးတဲ့နောက် ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာခေါင်းဆောင်တစ်စုထဲသာအင်္ဂလန်ကိုသွား၍ လွတ်လပ်ရေးတောင်းဆိုခဲ့ပါသည်။ အင်္ဂလိပ်က "မင်းတို့ဗမာပြည်မှာလူမျိုးကြီးကနှစ်မျိုးဘဲရှိတယ်။ ကရင်ဗမာအကြီးဆုံးနှစ်မျိုးဘဲရှိတယ်။ မင်းတို့ချစ်ချစ်ခင်ခင်နေကြ။ အခုမင်းတို့တစ်မျိုးဘဲလာတယ်။ ကရင်မပါရင် မင်းတို့နဲ့စကားမပြောနိုင်ဘူး။ ကရင်ပါမှစကားပြောနိုင်မည်"ဟု အင်္ဂလိပ်ကပြောလွှတ်လာသည်။

ဗိုလ်ချုပ်အောင်ဆန်းခေါင်းစကားပြောလျှင် ခေါင်းတစ်ထောင်ထောင်နှင့် ခုတော့သူခေါင်းမထောင်နိုင်တော့ပါ။ သူမြန်မာပြည်ကိုပြန်လာပြီး စောဘဦးကြီးထံသို့သွားတွေ့၍ ပြောသည်မှာ "သူငယ်ချင်း မင်းမပါရင်မဖြစ်ဘူး၊ ၊မင်းပါမှဖြစ်မယ်။ အတူတူသွားတောင်းကြတာပေ့ါလေ။ ရလျှင် ကရင်တစ်ကျပ်သား၊ ဗမာတစ်ကျပ်သားပေ့ါ။ "စောဘဦးကြီးသည်ရိုးရိုးသားသား ဗိုလ်ချုပ်အောင်ဆန်းစကားကိုယုံလိုက်သည်။ မူအရ အင်္ဂလိပ်ကလွတ်လပ်ရေးကိုပေးလိုက်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ပင်လုံမြို့၏အခြေခံဥပဒေ(Constitution)ကို တောင်တန်းဒေသခေါင်းဆောင်ကြီးများနှင့်အတူ စာချုပ်ချုပ်ဆိုလိုက်ပါသည်။

ကရင်တောင်တန်းဒေသများဖြစ်သော ကော့သောင်းမှစ၍သောသီခိုအထိ တောင်တန်းဒေသကြီးကိုမဖိတ်ခေါ်ပါ။ သို့သော် စောဘဦးကြီးက စောစိုင်းခေကိုစေလွှတ်လိုက်သည်။ စောစိုင်းခေသည် ပင်လုံအစည်းအဝေးတက်ရောက်ဖို့ရာ ပင်လုံအနီးတစ်ဝိုက်၌ ကားပျက်သဖြင့် စောဖိုးရီအိမ်မှာသွားတဲပါသည်။ စောစိုင်းခေပင်လုံအစည်းအဝေးခန်းမသို့ရောက်သောအခါ သူ့အတွက်(ကုလားထိုင်)မရှိပါ။ စောစိုင်းခေပြန်လာရသည်။ ပင်လုံအစည်းအဝေးတွင်ကရင်ကိုယ်စားလှယ်တစ်ဦးတစ်ယောက်မျှမပါ။

ပင်လုံစာချုပ်တွင်မတက်နိုင်သော စောဘဦးကြီးက ရန်ကုန်မြို့တွင် ဖေဖော်ဝါရီလ(၁၁)ရက်နေ့၌ ကားအစီး(၇၀)နှင့် ရန်ကုန်မြို့ကို အသံတိတ်လှည့်ပတ်၍ဆန္ဒပြခဲ့ပါသည်။ ဗမာတစ်ကျပ်၊ ကရင်တစ်ကျပ်ဟူသောစာသားကိုကားရှဲနံဘေးမှာချိတ်ဆွဲထားပါသည်။

ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ပင်လုံစာချုပ်ကိုချုပ်ဆိုခဲ့သည်။ ထို့နောက် အင်္ဂလန်သို့"ဆင်ကြီး"စီး၍လိုက်ပါသွားသည်။ ဗိုလ်ချုပ်အောင်ဆန်းမိသားစုသည် စောစံဖိုးသင်ကို ဆင်ကြီးဟုခေါ်ကြသည်။ ငယ်နိုင်ဖြစ်သည်။ စောစံဖိုးသင်သည် ကရင်လူမျိုးဖြစ်သည့်အတွက် ဗြိတိသျှဘုရင်ခံသည် ကရင်တစ်ဦးလိုက်ပါလာသည့်အတွက်ကြောင့် လွှတ်လပ်ရေးကိုပေးလိုက်ပါသည်။

အင်္ဂလိပ်သည် ဗိုလ်ချုပ်အောင်ဆန်းဆင်ကြီးစီးလာသည်ကိုတွေ့သောအခါ စောစံဖိုးသင်(ဆင်ကြီး) လွှတ်လပ်ရေးကိုပေးလိုက်သည်။ ဗမာတစ်စုတည်းလွတ်လပ်ရေးကိုသွားတောင်းသည့်အခါမပေးချေ။ ကရင်ပါမှ စောဘဦးကြီးနှင့်စောစံဖိုးသင်ပါမှ လွတ်လပ်ရေးရသည်။ ကျောင်းသူကျောင်းသားတိုင်း ကရင်ပါမှ လွတ်လပ်ရေးရသည်ကိုသင်ပေးရမည်။ ကရင်သည် လွတ်လပ်

ရေးရဖို့အဓိကလူမျိုးဖြစ်သည်။ ကရင်ကိုတိုက်ခိုက်ခြင်းသည် ကျေးဇူးရှင်ကိုပစ်မှားရာရောက်သည်။

ကရင်ကို"ခွပ်ဒေါင်းဗျူဟာနှင့်မတိုက်ရ။"ခွပ်ဒေါင်းဗျူဟာဆိုသည်မှာ ဟိုသွားပြောတစ်မျိုး၊ ဒီသွားပြောတစ်မျိုး၊ ကုန်းတိုက်ခြင်း၊ ဒေါင်းသားကိုဟိုသွားစားခိုင်းလိုက်၊ ဒီစားသွားခိုင်းလိုက်၊ ကရင်အချင်းချင်းရန်ဖြစ်ကြ။ ဒီခွပ်ဒေါင်းဗျူဟာကိုမသုံးပါနှင့်တော့။ "ခိုးသားငါးရာဗျူဟာကိုလည်းကရင်တို့အပေါ်ကိုမသုံးသင့်ပါ။"ကရင်လူထုအသက်မရှင်နိုင်အောင် ရွာကိုမီးရှို့ခြင်း၊ ကလေးသူငယ်များကိုသတ်ဖြတ်ခြင်း၊ ပေါ်တာဖမ်းခြင်း၊ ကရင်လူထုအနေအထိုင်ပျက်ပြားအောင်မပြုလုပ်ရ။ ကရင်သည် မြန်မာပြည်လွတ်လပ်ရေး၊ကျေးဇူးရှင်ဖခင်ဖြစ်သည်။ အခွင့်အရေးတန်းတူပေးရမည်။ မပေးပါက ဗမာဗိုလ်ချုပ်ကြီးတွေကို ကွဲရိုင်းလာခတ်ပြီး အနော်ရထာမင်းလိုသေသွားပါမည်။ အခွင့်အရေးတန်းတူပေးကိုပေးရမည်။ ER-Equal Representative ပေးရမည်။

## ၃။မြန်မာကွန်ဂရက်(Myanmar Congress)

မြန်မာကွန်ဂရက်သည် အကြီးဆုံးအခြေခံဥပဒေဖြစ်စေ၊ အခြားသောဥပဒေများဖြစ်စေ ပြုစုရေးဆွဲရမည်။ ညီတူကိုယ်စားလှယ်များဖြစ်ရမည်။ မြန်မာနှစ်ယောက်၊ကရင်နှစ်ယောက်၊ ရှမ်းနှစ်ယောက်၊ ဝနှစ်ယောက်၊လားဟူနှစ်ယောက် ဘယ်လောက်များများ ဘယ်လောက်နည်းနည်း ညီတူကိုယ်စားလှယ်ဖြစ်ရမည်။ စစ်တပ်လုံးဝမပါ။ လူမျိုးတစ်ရာသုံးဆယ့်ငါးမျိုးကိုယ်စား နှစ်ယောက်စီဖြင့် မြန်မာပြည်ကိုအုပ်စိုးရမည်။ မြန်မာကွန်ဂရက်ရှိကိုရှိရမည်။ အမေရိကန်လိုဖြစ်ရမည်။

## ၄။ နိုင်ငံရေးသည်ဘာသာရေးကိုမစွက်ဖက်ရ။ Separation of Church and State

ဗိုလ်ချုပ်မောင်မောင်သည် (၁၉၄၉ခုနှစ်၊မေမြို့)ကရင်ကိုကြည့်လို့မရတဲ့ဗိုလ်ချုပ်ဖြစ်သည်။ ဦးနုသည် စောဘဦးကြီးနှင့် ငြိမ်းချမ်းရေးလုပ်သည့်အခါ ငြိမ်းချမ်းရေးအတုသာဖြစ်သည်။ ဦးနုသည် ဗိုလ်ချုပ်မောင်မောင်ကို ကုလားပြည်သို့ခဲယမ်းမီးကျောက်သွားဝယ်ခိုင်းသည်။ လေယာဉ်ပျံနှင့် အပြန်ခရီးတွင် မိတ္ထီလာမြို့တွင်ဆင်းသက်လာသည်။ ကချင်တပ်ရင်းမှူး နော်စိုင်းနှင့်ကရင်တပ်ရင်းမှူးစောမင်းမောင် မိတ္ထီလာသိမ်းပိုက်သည်ကို ဗိုလ်ချုပ်မောင်မောင်မသိ။ ဗိုလ်ချုပ်မောင်မောင်အား(ခလယ်လာ)ဘောဂလိသို့ငင်း၊ ကော်သေးဒဲသို့ငင်း၊ ပွာကညောကဖမ်းချုပ်ထားသည်။ ဗမာစစ်တပ်က ကွန်မန်ဒိုကိုလွှတ်၍ ဗိုလ်ချုပ်မောင်မောင်အားပြန်ကယ်ခိုင်းသည်။ စစ်ပွဲဖြစ်သွားသည်။ ဗိုလ်မောင်မောင်တစ်နေရာသို့ရောက်သွားသည်။ကွန်မန်ဒို တစ်ခြားနေရာရောက်သွားသည်။ ကော်သေးဒဲရွာသူရွာသားများ ဗိုလ်ချုပ်ကိုပြန်တွေ့၍ ကောင်းမွန်စွာထိန်းသိမ်းကြည့်ရှုသောကြောင့် ဗိုလ်ချုပ်မောင်မောင်စိတ်ပြောင်းသွားသည်။ ကရင်လူမျိုးကိုများစွာချစ်လာသည်။ များစွာစိတ်ပြောင်းလဲသွားသည်။

နောက်များမကြာမီ ဗိုလ်ချုပ်မောင်မောင်သည် ဗမာဗိုလ်ချုပ်များနှင့်လက်တွဲ၍ အလုပ်လုပ်ရပြန်သည်။ ဗိုလ်ချုပ်မောင်မောင်က ကရင်လူမျိုးအတွက်စကားပြောသည်။ ဗမာဗိုလ်ချုပ်များက သူ့ကိုရာထူးမှပယ်၍ ထင်းခုတ်ခိုင်းသည်။ (သစ်ထုတ်လုပ်ရေး၌နေအကြီးအကဲ) ဗိုလ်ချုပ်မောင်မောင်သည် ကရင်လူမျိုးကိုသိပ်ချစ်သည်။ သူအလွန်ခင်မင်လှသော သူငယ်ချင်းစောလေးဒါထံ(ဗိုလ်ချုပ်မောင်မောင် အင်္ဂလိပ်ကာနာ)သို့လာလည်သည်။ စောလေးဒါ၏ဇနီးနော်ဂျက်စီကိုတွေ့လိုက်တာနဲ့ ဒီလိုနှုတ်ခွန်းဆက်စကားပြောသည်။

ဗိုလ်ချုပ်မောင်မောင်က,"အန်တီ ထမင်းကြမ်းနှင့်ကန်စွန်းရွက်စားချင်တယ်။"
နော်ဂျက်စီကပြုံးပြုံးလေးနဲ့,"ဗိုလ်ချုပ်ကြီး ဆယ်ဖို့တစ်ဖို့ထားရဲ့လား။"
ဗိုလ်ချုပ်မောင်မောင်က, "ဆယ်ဖို့တစ်ဖို့မထားနိုင်ဘူး။ ပိုက်ဆံသိပ်များလွန်းတယ်။"
ဒီလူနှစ်ယောက်စကားပြောတာတိုတိုလေးဘဲ။ ဒါပေမဲ့ သိပ်အဓိပ္ပါယ်ရှိတယ်။ ဗိုလ်ချုပ်မောင်မောင်ကြီးက ထမင်းကြမ်းနှင့်ကန်စွန်းရွက်တို့စရာတောင်းစားသည်။ ကျနုပ်တို့ခရစ်ယာန်ကျမ်းစာထဲမှာ"ခြသေ့်သည်လည်းနွားကဲ့သို့မြက်ကိုစားလိမ့်မည်။ –ယေရှာယအနာဂတိကျမ်း – ၁၁း ၇"၌ ဖေါ်ပြထားသည်။
ဆိုလိုသည်မှာ – ဗိုလ်ချုပ်မောင်မောင်သည် အလွန့်အလွန်စိတ်သဘောနှိမ့်ချခြင်းရှိသည်။ သူ့အပေါင်းအဖော်ဗိုလ်ချုပ်များ သူ့ကိုထင်းခုတ်ခိုင်းသော်လည်း ပျော်ရွှင်စွာထင်းခုတ်ခဲ့သည်။ ပျော်ရွှင်သောအသက်တာကို ပိုင်ဆိုင်သောသူဖြစ်သည်။

ဗိုလ်ချုပ်မောင်မောင်သည် အလွန်စိတ်နှိမ့်ချသောသူဖြစ်သည်။ အစက ကရင်ကိုကြည့်လို့မရသော်ငြားလည်း နောက်မှာ ကရင်လူမျိုးကိုအလွန်ချစ်၏။ နိုင်ငံရေးသည်လည်းဘာသာရေးနှင့်မစွက်ဖက်ရ။ Separation of Church and State ကိုလည်းကောင်းကောင်းသိရှိသည်။ Separation of Church and State ကို မြန်မာပြည်အခြေခံဥပဒေ တိုင်းရင်းသားအားလုံးလက်ခံရမည်ဖြစ်ပါသည်။

## ၄။ Operation Aung San

"စောဂျော်နီထူးကော်သူးလေဗိုလ်မှူးကြီး ဗိုလ်ချုပ်မောင်မောင်နှင့်ခင်မင်ရင်းနှီးသည်။ တစ်နေ့ကျတော့ စောဂျော်နီထူးသည် ဗိုလ်ချုပ်မောင်မောင်အခန်းထဲသို့ဝင်၍စကားပြောရသည်။ စောဂျော်နီထူးကိုတွေ့တွေ့ချင်း စားပွဲပေါ်ရှိစာရွက်စာတမ်းများကိုသိမ်းဆည်း၍ဖွဲ့ထားလိုက်သည်။ စောဂျော်နီထူးစိတ်ထဲမှာ မသင်္ကာစိတ်ပေါ်ပေါက်လာသည်။"

မေမြို့ကိုကရင်သိမ်းသိမ်းချင်း စောဂျော်နီထူးသည် ဗိုလ်ချုပ်မောင်မောင်အခန်းထဲသို့ဝင်၍ ရှာဖွေမွှေနှောက်လိုက်သည်။ အောင်ဆန်းအော်ပရေးရှင်းကိုတွေ့သွားသည်။ တိုင်းရင်းသားများကိုဖျက်ဆီးပစ်ရန် plane မြောက်များစွာပါရှိသည်။ အောင်ဆန်းအော်ပရေးရှင်း AS သည်အချက်ကြီးနှစ်ချက်ပါရှိသည်။
၁။ ဗမာလူမျိုးတစ်မျိုးသာရှိရမည်။ အခြားလူမျိုးများသည် ပျူခေတ်တုံးသလိုတုံးသွားရမည်။
၂။ ဗုဒ္ဓဘာသာသည် နိုင်ငံတော်ဘာသာဖြစ်ရမည်။
၃။ မြန်မာနိုင်ငံအလံတော်တွင် ကြယ်တစ်လုံးသာရှိရမည်။
အဓိပ္ပါယ်မှာ–အောင်ဆန်းအော်ပရေးရှင်းအောင်မည်။ ဗမာတစ်မျိုးတည်းရှိရန်တစ်ဖြည်းဖြည်းကြိုးစားသွားပါမည်။ အဝါရောင်သည်လည်း နေရာတကာမှာလွှင့်ထူနေမည်။ အလံတော်သည်အဝါရောင်ထိပ်ကပေါ်လွှင့်နေပါမည်။
အဓိပ္ပါယ်မှာ မြန်မာပြည်သည် Statereligion နိုင်ငံတော်ဘာသာ မဖြစ်ဖြစ်အောင်လုပ်ဆောင်သွားမည်။ဤအချက်နှစ်ချက်သည် အောင်ဆန်းအော်ပရေးရှင်းတွင်အရေးကြီးသောအချက်ဖြစ်သည်။

တိုင်းရင်းသားတိုင်း လွတ်လပ်စွာကိုးကွယ်ရမည်။ မကြေညာဘဲနဲ့ ဗိုလ်ချုပ်တစ်စုသည် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာပြုလုပ်သည်။ ဒါကိုတိုင်းရင်းသားအားလုံး လူတိုင်းလူတိုင်း လွတ်လပ်စွာကိုးကွယ်ခွင့်ရှိရမည်။

ကရင်ဟာဗမာမဖြစ်နိုင်ဘူး။ ဗမာဟာသုံးနှစ်သားအရွယ်ကလေးကိုအဆဲသင်ပေးသည်။ ကလေးဆဲတာကိုကြိုက်သည်။ မဟုတ်တာကိုသင်ပေးသည်။ ကလေးဆဲလျှင်ကြိုက်သည်။ ရယ်မောကြသည်။ ကရင်က သုံးနှစ်အရွယ်ကလေးဆဲလျှင်တုတ်နှင့်ရိုက်သည်။ "မင်းတို့ဆဲလျှင်ဆင်းရဲသွားမည်။"
Union Of Burma မဖြစ်နိုင်ဘူး။
Union State Of Myanmar ဖြစ်ရမည်။ လူမျိုးကွဲပေမဲ့ အမေရိကန်ပြည်လို ညီညွတ်စွာပေါင်းသင်းနေထိုင်ရမည်။ တိုင်းရင်းသားအပေါင်းတို့အော်ပရေးရှင်းအောင်ဆန်းကိုဆန့်ကျင်ကြ။ ဗမာဗိုလ်ချုပ်များငြိမ်းချမ်းရေးအစီအစဉ်လုပ်ကိုင်နေသည်။သူ့တပ်မတော်တိုင်းရင်းသားနယ်မြေမှမဆုတ်လျှင် သူ့ငြိမ်းချမ်းရေးအစီအစဉ်ကိုမယုံနဲ့။ သူ့ငြိမ်းချမ်းရေးအစီအစဉ်ဟာအတုပဲ။ သွားပြီးမယုံနဲ့။ နို့ဆီခွက်၊ ဆပ်ပြာခွက်စုထား၍ အိပ်မနေနဲ့။

ဤသည်မှာ မြန်မာနိုင်ငံ အခြေခံဥပဒေ ကရင်လူရိုင်းတင်ပြသည်။ ကမ္ဘာနှင့်မြေကြီးကိုဖန်တီးသောဘုရားသခင်သည် မြန်မာပြည်တွင် တရားနှင့်အတူတိုက်ပွဲဝင်မည်။

ကရင်ရိုင်း
May God Bless You All



# အရာတိုင်းမတည်မြဲ



လောကမှာ အရာရာသည်တည်မြဲခြင်းမရှိတာအမှန်ပင်ဖြစ်သည်။ မြစ်ချောင်းအင်းအိုင်များတွေဟာ မည်သူကမှမဖန်တီး မတည်ဆောက်လာဘဲ အလိုလိုသဘာဝအလျောက်သာဖြစ်ပေါ်လာခဲ့ရာ တည်မြဲသင့်ပါလျက်နှင့်မတည်မြဲနိုင်ရှာဘဲ တစ်နေ့တစ်ခြားလှိုင်းတွန်းသောင်ထွန်းရင်းနဲ့ မြေနုကျွန်းတွေဖြစ်ပေါ်လာတာ သက်တမ်းရှည်ကြာပြီးရင့်မာလာသောအခါမှာတော့ လူသားများတွေက အမျိုးမျိုးခေါ်ဝေါ်ကင်ပွန်းတပ်ကြလေသည်။ မိန်းမလှကျွန်း၊ ဘီလူးကျွန်းစသည်တို့ပေါ့။

ရွေ့ပြောင်းနေတဲ့ရေစီးကြောင်းကိုဖြတ်တောက်လို့မရဘဲ တစ်ရွေ့ရွေ့နဲ့ အစဉ်မပြတ်စီးဆင်းပြီး မမြဲနိုင်တာကိုကြည့်ရင် သက်ရှိလူသားတွေအဖို့ မမြဲနိုင်သောလောဘသဏ္ဍာရ၏အဆုံးမှာ တမဟုတ်ခြင်း အံ့မခန်းလောက်အောင်ပြောင်းလဲနေကြရစမြဲဖြစ်သည်။ ဒီလိုပြောတော့လည်းယုံတဲ့လူတွေရှိသလို မယုံတဲ့လူတွေလည်းအများကြီးရှိနေအုံးမည်ဖြစ်သည်။ ဘာဘဲဖြစ်ဖြစ် လက်တွေ့မျက်မြင်သမားအဖို့ကတော့မယုံဘဲ ငြင်းပယ်လို့မဖြစ် တည်တန့်နေခြင်းဟာ အတိုင်းအတာကြာသလောက် အရွေ့ကတော့ တစ်ကယ်ကိုမြန်ဆန်လွန်းလှခြင်းဖြစ်သည်။ အဲဒီအရွေ့ထဲမှာမှ ကောင်းသောအရွေ့နဲ့မကောင်းသောအရွေ့နှစ်ခုနှစ်သွယ် နှစ်မျိုးနှစ်စား နှစ်မည်စုံတွဲရှိကြလေရာ ကောင်းသောအရွေ့ကိုတော့ ရှည်ကြာရင်ရှည်ကြာနိုင်ပေလိမ့်မည်။ မကောင်းသောအရွေ့ကိုတော့ သတိတောင်မထားမိဘဲ အီးကနဲဆိုပြောင်းလဲမှုမြန်ဆန်လွန်းလှသည်။

ဒီမြန်ဆန်လွန်းတဲ့အရွေ့အပြောင်းကို အကြောင်းမကောင်းရင် အကျိုးဆက်ဆိုးနေမှာသဖြင့် အဆိုးကိုမဖြစ်စေချင်ဘဲ အကောင်းဖြစ်ဖို့သာအများကလိုအပ်လှပေသည်။ သတိဆိုတာပိုတာမရှိ လိုတာဘဲရှိသည်။ မဖြစ်လာသေးခင်မှာတော့ ခက်ခက်ခဲခဲနက်နက်နဲနဲနှင့် လုံးဝကိုမဖြစ်လာနိုင်တော့သလိုလို တစ်ကယ်တမ်းဖြစ်လာသောအခါမှာတော့ မယုံကြည်နိုင်လောက်အောင်ဖြစ်သည်။ အရာတိုင်းမှာ အချိန်နှင့်အခါဟာရှိတတ်လေစမြဲ၊ အချိန်မတန်ခင် မည်သို့ပင် ဖြစ်ခိုင်း၊ ရွှေခိုင်း သို့တည်းမဟုတ် မည်သို့ပင်ပြောင်းခိုင်း၊ပြောင်းခိုင်း ပြောင်းလို့မရ၊ရွှေ့လို့မရတာဟာ အချိန်အခါမတိုင်သေးလို့သာဖြစ်သည်။ အချိန်တန်လာရင်တော့ အောင်ဘုလည်းနွားနဲ့လှည်းနှင့်ဘဲဆိုတဲ့ ဆိုရိုးစကားတွေလိုပေါ့။

ရက်စက်မှု၏အချိန်ကို ရှည်လျားနေမည့်အစား လူသားများအတွက် အကျိုးဖြစ်ထွန်းနိုင်သောအချိန်ကို အမြန်ဆုံးပေါ်ထွက်လာဖို့အင်မတန်အရေးကြီးသောလိုအပ်ချက်တစ်ရပ်ဖြစ်သည်။ ဒီလိုကောင်းသောအရာမျိုးကို ရရှိမှသာလျှင် လောကလူသားတွေဟာ လူလာဖြစ်ရအကျိုးနပ်လှပါပေသည်။ လူဖြစ်ပါလျက်နှင့်လူစော်မနံလေတော့ သေတာတောင်မှအကောင်းဆုံးပါတကားဟုဆိုတဲ့ မြန်မာပြည်သူတွေက မယုံနိုင်လောက်အောင်ရှိနေခြင်းဖြစ်သည်။

လူရယ်လို့ဖြစ်လာတဲ့အခါမှာ မွေးရာပါအခွင့်အရေးကို ကိုယ်စီရရှိဖို့ လိုအပ်လှပေသည်။ ဒီအခွင့်အရေးကိုရသင့်ရထိုက်ပါလျက်နှင့် မရရှိဘဲဆုံးရှုံးနေရင် လူဖြစ်တာ တစ်ကယ်ကိုဘဲမကောင်း၊ မကောင်းတာကိုပယ် ကောင်းတာကိုသယ်ဆောင်တဲ့ ဒီအတွက်အကောင်းဖြစ်အောင်တော့ဖန်တီးဖို့လိုအပ်လှပေသည်။ အများအကျိုးအတွက် သည်ပိုးနေတဲ့ရှေ့ဆောင်သမားတွေ သဘောထားကောင်းပြီးမကွဲလွဲဖို့လိုအပ်လှပေသည်။ သဘောထားကွဲလွဲနေသမျှကာလပတ်လုံး တိုတောင်းသင့်ပါသောအချိန်သည် မတိုတောင်းနိုင်တော့ဘဲ ရှည်လျားစွာသောအဖြစ်သို့ရောက်ကာ အချို့သောမြန်မာပြည်သူတွေသေလွန်နေကြတာကိုဘဲ အပြစ်တင်စရာမလိုတော့သလိုဖြစ်သည်။

ဖြတ်တောက်လို့မရသောရေစီးကြောင်းကိုလိုက်နေရမည်ဖြစ်နေပါသဖြင့် တိုးတက်နေသောကနေ့ခေတ်မှာ အရွေ့တစ်ခုသည် မဖြစ်မနေရွေ့ရပါတော့မည်။ ဟုတ်ပါ

သည်။ ဟိုးယခင်ဘိုးဘေးခေတ်မှာ ကျွန်ုပ်တို့ကျေးလက်နေပြည်သူများတစ်သိုက်သည် ဆိုင်ကယ်ဆိုမပြောနဲ့ စက်ဘီးတွေတောင်မရှိသေးတဲ့ခေတ်ကြီး ဖိနပ်မပါထီးဗလာနဲ့ ခရီးသွားတဲ့ခေတ်ဆိုတော့ ဝယ်စရာချမ်းစရာ မြို့ထဲတစ်ခါရောက်ဖို့ဆိုရင် အငယ်ခံလေးရက်ငါးရက်ခရီးဖြစ်သည်။ ခုတော့ အဲဒီခရီးကို နေ့ချင်းပြန်အဖြစ်နဲ့ပြန်ရောက်နေတယ်ဆိုတော့ မရွေ့မပြောင်းဘဲ နဂိုကတည်းကလို တည်တန့်နေမယ်ဆိုရင်လာတော့မှာပေါ့-----

လူ့အခွင့်အရေးအပြည့်အဝရှိတဲ့နိုင်ငံမှာဆိုရင် လူ့အသက်တစ်ချောင်းကို ကောင်းကောင်းကြီးတန်ဖိုးထားကြသည်။ အသက်တစ်ချောင်းမဆုံးရှုံး မနစ်နာတာကိုဘဲ စည်းမျဉ်းစည်းကမ်းတွေလိုက်နာကြပြီး ရိုးသားဖြူစင်စွာနဲ့ သူများပစ္စည်းကျတာတွေ့ပါရက်နှင့် မကောက်ဘဲသွားလာနေကြတာကြည့်ရင် ဘယ်လောက်အံ့သြဖို့ကောင်းသလဲ ရိုးသားမှု၏ဂုဏ်သည် တန်ဖိုးဆုံးဖြတ်လို့မရနိုင်ခြင်းဖြစ်သည်။ ရိုးသားမှုဂုဏ်၏ဇစ်မြစ်ကိုရှာကြည့်လိုက်တော့ လူ့အခွင့်အရေးနှင့်ဆိုင်သလိုလိုဖြစ်သည်။ လူ့အခွင့်အရေး အပြည့်အဝမရရှိဘဲနှင့် ဘယ်လိုမှမပြေလည်၊ မပြေလည်ရင်မပြေလည်သလို ရိုးသားခြင်း၊ ဖြူစင်ခြင်း၊ သစ္စာရှိခြင်းဆိုတာ ဝေးသွားတတ်သည်။ ဒါကြောင့် အရွေ့အပြောင်းတွေရှိလာတော့မှဖြစ်မည်။

ယခုအရွေ့နဲ့အပြောင်း၊ အပြောင်းနဲ့အရွေ့ မည်မျှဖြစ်လာပြီလဲဆိုတာ ရေရေရာရာသေသေချာချာမပြောနိုင်ပေမယ့် သေချာတာတစ်ခုက တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးလုပ်သောအချိန်ကစပြီး ကျွန်ုပ်တို့ကရင်ပြည်နယ်၊တပ်မဟာ(၁)နယ်မြေဒေသမှာ ဟိုတုန်းကမတွေးဝံ့မမြင်ဝံ့သောအရာတွေ မယုံနိုင်လောက်အောင် တွေ့လာမြင်လာတော့ခြင်းဖြစ်သည်။ အရင်ဒီလိုမြင်ကွင်းမျိုးရှိခဲ့ပါတယ်ဆိုရင် ဆယ့်ခုနစ်တစ် (၁၇-၁)ပုဒ်မ၊ ပုဒ်ထီးတွေနဲ့ငြိစွန်းပြီး မြန်မာနိုင်ငံမှာရှိနေတဲ့ထောင်တွေမှန်သမျှ မဆန့်နိုင်အောင်ဖြစ်မည်။

ဒီလိုမြင်ကွင်းမျိုး မမြင်ရတာတောင်မှ ဟိုလိုက်တူးဒီလိုက်ဆွနဲ့ မဟုတ်ကဟုတ်က ပုဒ်မ၊ ပုဒ်ထီးတွေလျှောက်တပ်ပြီး ထောင်ထဲပါသွားတာမနည်းဖြစ်သည်။ ဒါတွေကို စမြုံ့ပြန်လို့တွေးကြည့်မယ်ဆိုရင် ကြက်သီးမွေးညှင်းထဖွယ်ရာသည်ကား အဖန်ဖန်နှင့်အတန်တန်ဖြစ်သည်။ ဒါကြောင့် ကြောက်လန့်ဖွယ်ရာအဖြစ်မျိုးတွေကင်းလွတ်ပပျောက်နေမယ်ဆိုရင် ပြည်သူတွေအားလုံးဝမ်းသာမဆုံးပီတိဖုံးလျှက်ရှိမည်။ ပြည်သူတွေရဲ့စိတ်ချမ်းသာမှုသည် တိုးတက်မှု၏အရိပ်အရောင်ဖြစ်သည်။ တိုးတက်မှုမရှိလို့ ဒုက္ခရောက်နေတာကိုဘဲ မငြိမ်းနိုင်ရခြင်းဖြစ်သည်။ တိုးတက်မှုမရှိလေလေ မငြိမ်းချမ်းလေလေ၊ မငြိမ်းချမ်းနိုင်သေးဘူးဆိုရင်တော့ ဆုတ်ယုတ်ခြင်းသာဖြစ်လာတော့သည်။ ဆုတ်ယုတ်ခြင်းမှ ခုန်ကျော်ကာ တိုးတက်ခြင်း ယခုစရောက်လာချင်လေတော့ သာယာဖို့သည် တစ်ဖြည်းဖြည်းနဲ့သာ ပေါ်လာလေမည်ဖြစ်သည်။

အဲဒီအခါကျမှ ရိုးသားခြင်း၊ ဖြူစင်ခြင်း၊ သစ္စာရှိခြင်းဆိုတာ ပေါ်လာနိုင်မည်မှာဖြစ်သည်။

၂၀၁၃-၂၀၁၄ခုနှစ် တပ်မဟာ(၁) စစ်ဒေသတွင် စည်ကားသိုက်မြိုက်လှပါသော ကရင်အမျိုးသားများနှစ်သစ်ကူးနေ့တစ်ကြိမ်ကျင်းပခဲ့သည်။ အဲဒီနှစ်သစ်ကူးတွင် ဟိုတုန်းကတွေ့တွေ့ခြင်းစစ်ခင်းတတ်နေတဲ့ KNUနှင့် တပ်မတော်တွေဟာ ကျောသားရင်သားမခွဲခြားဘဲညီအစ်ကိုရင်းချာပမာ အတူတကွထိုင်ပြီး လက်ဆုံထမင်းတွေစား၊ လက်ဝှေ့ပွဲတွေပြုံးပြုံးရွှင်ရွှင်နဲ့တစ်ပျော်ကြီးထိုင်ကြည့်နေကြတာကို မြင်နေရသောပြည်သူတစ်သိုက်ရယ်က ဖော်ပြမတတ်အောင်သောဝမ်းသာမှုသည် အတိုင်းထက်ကိုယ်စီရှိလှပါပေ၏။

ပြီးတော့လည်း လက်ဝှေ့ထိုးရာတွင်နိုင်သောသူကိုဆုပေးတဲ့အခါမှာKNUတစ်လှည့်တပ်မတော်ကတစ်လှည့် အလှည့်ကျနှင့်ပေးနေကြတဲ့မြင်ကွင်းကိုမြင်လိုက်ကြတော့ ဒီလိုလှပတဲ့မြင်ကွင်းမျိုးသည် ဟိုတစ်ချိန် စစ်ဘေးစစ်ဒဏ်ကိုခံနေရသော သေလွန်သွားပြီးတဲ့အဘိုးအဘွားတွေများ ဤကဲ့သို့နှယ် မျက်ဝါးထင်ထင်မြင်လိုက်ရရင် ဘယ်လောက်များ ဝမ်းသာမျက်ရည်ကျမလဲဆိုတာတွေးရင်းနဲ့ ရင်ဆို့ပြီး ဝမ်းနည်းလာရတော့ခြင်းဖြစ်သည်။ အဖေတစ်ပြောတည်းပြောနေတဲ့ငြိမ်းချမ်းရေး၊ အမေပျော်ပျော်ရွှင်ရွှင်နေချင်ပါတယ်ဆိုတဲ့အမိကရင်မြေ အခုတော့အဖေနဲ့အမေတို့ရဲ့ဆန္ဒသည် သားတို့တစ်တွေက အဖေအမေတို့ကို အပြည့်အဝခံစားစေချင်ပါသော်လည်း မျက်ရည်ဝဲခြင်းနဲ့ပြောခြင်းမှလွဲရင် သားတို့လည်း ဘာမှမတတ်နိုင်ရခြင်းဖြစ်သည်။

တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးစာချုပ်မချုပ်ဆိုနိုင်သေးတာတောင်မှ ဤသို့သောမြင်ကွင်းမျိုးကိုမြင်ရနေပြီဆိုတော့ ထာဝရငြိမ်းချမ်းရေးရလာသောအခါမှာ ဘယ်လောက်ပျော်စရာကောင်းမလဲဆိုတာ ဖော်ပြမတတ်နိုင်အောင်ဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုးကိုအခြေခံပြီး လောဘဇောကြောင့် တိုက်ကြ၊ သတ်ဖြတ်ကြနေတာ နှစ်ပေါင်းများစွာရှည်ကြာလာခဲ့လေရာ ဒုက္ခိတဘဝနဲ့ဖြစ်တဲ့သူတွေအများကြီးရှိနေသလို မျက်ရည်ပင်လယ်ဝေတဲ့သူတွေလည်းအများကြီးရှိလှပါပေ၏။

အဲဒီအထဲမှာမှ အသက်စတေးသွားတဲ့လူတွေလည်းအများကြီးရှိနေပါသည်။ ဒီမကောင်းတဲ့အနိဋ္ဌာရုံမြင်ကွင်းကို အဆုံးသတ်ရန်အချိန်သည် ကောင်းစွာတန်သင့်လေပါပြီဖြစ်သည်။ တန်သင့်ပါသောဒီမြင်ကွင်းကို ဘယ်တော့မှအတည်ပြုနိုင်မလဲဆိုတာတွေးရင်းနဲ့ပင် ၂၀၁၅ ရောက်လာနေပြီဖြစ်သည်။ သေချာသောတစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးစာချုပ်နှင့် ငြိမ်းချမ်းရေးလက်မှတ်ထိုးပွဲကျင်းပနေကြတာ မနီးစပ်လာနိုင်ကြသေးဘဲ နာရီစက္ကန့်လက်တံကလေးက လည်မြဲလည်နိုင်ပေမယ့် ပမ်းလာခဲ့သူပြည်သူတွေက မောရင်းနဲ့ နောက်ထပ်တစ်ဖန်စစ်ပေါ်တာဖြစ်ပေါ်လာတာကို မလိုချင်မနှစ်သက်ကြဘဲ အားလုံးကိုယ်စီဆုတောင်းရင်းနဲ့တစ်နေကွယ်လျှိုးပြီး တစ်နေထွက်လာခဲ့တဲ့ရက်ပေါင်းဆိုတာလည်း မနည်းတော့ခြင်းဖြစ်သည်။

၂၀၁၃-၂၀၁၄ခုနှစ်တွင် ကျင်းပခဲ့သော ကရင်နှစ်သစ်ကူးမျိုးလိုမြင်ကွင်းများအားပျက်ပြားနိုင်ခြင်းမရှိစေဘဲ ဒို့ထက်သေချာ၊ဒို့ထက်မှန်ကန်တဲ့ငြိမ်းချမ်းရေးပန်းတိုင်ကို ပိုင်နိုင်စွာဖြင့် အရောက်လှမ်းနိုင်ကြပါစေလို့ဆုတောင်းမိတော့သည်။ အရွေ့အပြောင်းသည် ဦးဆောင်သောသူတို့၏အပေါ်မှာမူတည်ပေလိမ့်မည်။ အရာတိုင်းမှာ အားလုံးနှင့်ဆက်သွယ်ပတ်သက်ပါသော်လည်း နှစ်ဖက်နှစ်တန်သောဦးဆောင်သမားတွေက သဘောထားကွဲလွဲပြီး နားလည်မှုမပြေလည်သမျှကာလပတ်လုံး ပြည်သူဆိုတဲ့မြေဇာတွေက အမြဲတမ်းပိပြားနေရမှာဖြစ်သည်။

ပိပြားနေတဲ့ပြည်သူတွေရဲ့ဘဝကို နားလည်သဘောပေါက်ပြီး အလျှော့အတင်းညှိမျှစွာနဲ့ သဟဇာတဖြစ်အောင် ကြိုးစားရမှာဖြစ်သည်။ ကြိုးစားခြင်းဆိုတာမအောင်မြင်ဘဲ ဘယ်နည်းနှင့်မှမဖြစ်နိုင်။ အချိန်မတန်သေးလို့သာ မအောင်မြင်သေးခြင်းသာဖြစ်သည်။ အချိန်မတန်သေးခင်မှာတော့ လက်လျှော့အားပျော့နေမယ်ဆိုရင် မိမိမျှော်လင့်နေတဲ့ငြိမ်းချမ်းရေးပန်းတိုင်နဲ့ဝေးသွားမည်ဖြစ်သည်။ ဒါကြောင့် အရာတိုင်းမှာစိတ်ခေတ်ကြံ့ခိုင်မှုသည် အင်မတန်အရေးကြီးသောအချက်ကြီးတစ်ချက်ဖြစ်သည်။ ခရီးမဆုံးခင်လမ်းတစ်ဝက်မှာ ပျော့ညံ့တဲ့စိတ်ခေတ်နှင့်လက်မှိုင်ချမိလျှင် လိုချင်သောပန်းတိုင်ကိုမရောက်နိုင်တော့ဘဲ ဆုံးရှုံးခြင်းသာအဖတ်တင်ရခြင်းဖြစ်သည်။ အရှုံးသည်အနိုင်မဟုတ်သောအရာဖြစ်နေပါသဖြင့် အနိုင်လိုချင်နေသောသူတွေဟာ အရိုးကျေကျေအရည်ခန်းခန်း ဘယ်တော့မှစိတ်ခေတ်မကျသင့်ဘဲ နှလုံးသွေးမရပ်သမျှ သို့မဟုတ် နှလုံးသွေးလည်နေသမျှကာလပတ်လုံး ဆက်လက်လှုပ်ရှားနိုင်သောသူကိုသာလိုရာပန်းတိုင်ကိုအရောက်လှမ်းနိုင်သောသူဖြစ်သည်။

ဒါကြောင့် အများပြည်သူတွေအားလုံး မျှော်လင့်တောင့်တနေကြတဲ့ တစ်ပြည်လုံးငြိမ်းချမ်းရေးကို အဘိုးတွေအဘွားတွေ၊ အဖေတွေအမေတွေ မျှော်လင့်ထားတဲ့အတိုင်း တမလွန်လောကသို့ရောက်နေသောသူတွေအားလုံးအမျှပေးဝေနိုင်အောင် တိုးတက်နေတဲ့ယနေ့ခေတ်ကြီးမှာ မလွဲမသွေသောငြိမ်းချမ်းရေး သို့တည်းမဟုတ် ဒုက္ခဝဲဂရက်ဆင်းရဲတွင်းမှ အရွေ့အပြောင်းကုန်ဆုံးသွားကာ သုခဘုံနန်းကို ကိုယ်စီခံစားနိုင်အောင် နှစ်ဖက်နှစ်တန်ကျေအေးစွာဖြင့် ဒုက္ခမျက်ရည်တွေကင်းစင်ပြီး သုခအဖြာဖြာနှင့်ငြိမ်းချမ်းကြပါစို့။

**အာကာမောင်မောင်**



# အများမျှော်တွေးငြိမ်းချမ်းရေး




အမြော်အမြင်ရှိတဲ့လူတွေဟာ ငြိမ်းချမ်းရေးကိုလိုလားတောင့်တပြီး မျှော်လင့်တစ်ကြီးကြီးနှင့် အတွေးကိုယ်စီ ရင်မှာတစ်သီတစ်တန်းပွေ့ထားကာ တစ်ယောက်တစ်ပေါက်သောလေသံလေးတွေက အနည်းအများကိုယ်စီရှိကြခြင်းဖြစ်သည်။ တစ်ကယ်ကိုဘဲ ခက်ခဲလှပါတယ်ဆိုတဲ့ငြိမ်းချမ်းရေးဟာ ဘာကြောင့်ပါနည်း။ ကြီးမားသောကျောက်တောင်ကြီးတွေဟာ ကနေ့တိုးတက်နေတဲ့သိပ္ပံခေတ်ကြီးမှာ တစ်လွှာပြီးတစ်လွှာ လွှာချလို့လွယ်သလောက် တိမ်မယောင်ယောင်နှင့် နက်နေတဲ့ငြိမ်းချမ်းရေးကို တစ်ကယ်တော့ လွယ်လွယ်နဲ့ဆောင်ရွက်လို့မရနိုင်တာအမှန်ဖြစ်သည်။

ဒီမလွယ်တာကိုအလွယ်ထင်ပြီး သွားပုတ်လေလွှင့် အမျိုးမျိုးပြောဆိုကြပေမယ့် ဆောင်ရွက်ချက်အပေါ်မှာမူတည်ပြီး တစ်ဦးနှင့်တစ်ဦး နားလည်မှုမလွဲမှားဖို့ ပိုပြီးအရေးကြီးခြင်းဖြစ်သည်။

ငြိမ်းချမ်းရေး၏သွားရာလမ်း ကြောင်းသည် အခက်ပေါင်းတည့်နေတာကိုစိစစ်ပြီးကြည့်လိုက်ပါသော်“လောဘ”ကြောင့်ဖြစ်သည်။ လောဘသဘောကျယ်ပြောလေရာ စကြာဝဠာအနန္တသို့တင်စားနိုင်လောက်သည့်အဖြစ်အား လွယ်လွယ်လေးနဲ့ရယူလို့မရနိုင်ခြင်းဖြစ်သည်။ လောဘကုန်ဆုံးအောင်သတ်နိုင်သည့်နေရာဌာနကတော့ ဘဝဂ်အထက်မှာဖြစ်တဲ့အတွက် ဤသို့သောအခက်အား မပြေလည် ပြေလည်သွားအောင်၊ မကောင်းကောင်းသွားအောင် တစ်ဦးနှင့်တစ်ဦး ယုံယုံကြည်ကြည်နဲ့ သဘောထားဖြူစင်ဖို့လိုအပ်လှပေသည်။ ဒါမှသာ အားလုံးမျှော်လင့်တောင့်တနေတဲ့ငြိမ်းချမ်းရေးသည် အမှန်အကန်ဖြစ်လာနိုင်မည်မှာဖြစ်သည်။

တစ်ကယ်တော့ လူသားတိုင်း လူသားတိုင်း ဆူဆူပူပူ အုံ့အုံ့ကျွတ်ကျွတ် ရှုပ်ရှုပ်ရှက်ရှက်ဖြစ်နေတာကိုလုံးဝမလိုလားကြပါ။ သမုဒ္ဒယာဝမ်းတစ်ထွာအတွက်နှင့် အမြဲတမ်းနပမ်းလုံးနေတဲ့ကြားမှာ မုန်တိုင်းနဲ့နေ့တိုင်းတိုးနေရတော့ ချမ်းသာသောစိတ်၊ ပျော်ရွှင်သောအလုပ် လုပ်နိုင်ခြင်းသည် နေကြတ်သောအခါမှာအလင်းရောင်ကိုတမ်းတတာနှင့်တူသလိုလိုဖြစ်နေပါ၏။

လူသားတိုင်း လူသားတိုင်း လက်ဖက်ရည်ကြမ်းပန်းကန်လေးနဲ့ အမောပြေနားနေခိုက်တစ်မြုံက်မြုံက် အေးဆေးစွာသုံးဆောင်နေရရင်ပင်ပန်းဆင်းရဲသောအလုပ်ကို လုပ်နေရပေမယ့်မညည်းတွားဘဲ ခံသာကာနေနိုင်မှာဖြစ်သည်။ မငြိမ်းချမ်းတဲ့အခါမှာ ပင်ပန်းသမျှကိုယ့်အတွက်မဟုတ်ဘဲ ဟိုအရေးဒီအရေးနဲ့ အရေးတွေများပြားလေတော့ မောနေသူရင်တွေပူပြီး အလုပ်တန်းမှမပျော်တစ်ပျော်နှင့် တိုးတက်မှုတွေဝေးသထက်ဝေးရလေသည်ဖြစ်၏။

လုပ်ရက်လှတဲ့လူသား လောဘလွှမ်းခြုံပြီး သောကကြုံနေရတဲ့ပြည်သူတွေ မမြင်လေရော့သလား ဘိုးစဉ်ဘောင်ဆက်က လမ်းဘေးမှာမအိပ်ရတဲ့မြန်မာပြည်သူတွေ ခေတ်စနစ်တိုးတက်လာသောခုအခါမှာ ခိုကိုးရာအိမ်မရှိတော့ပါသဖြင့် တစ်နေ့လုပ်တစ်နေ့စားဘဝနဲ့ အလူးအလဲဒုက္ခအဖုံဖုံ တောမှာကျင်လည်နေရတဲ့ပြည်သူတို့၏ဝမ်းနည်းစရာအဖြစ်တွေကိုကြည့်ပြီးကရုဏာတရားအပြည့်အဝရှိတဲ့လူမှန်ရင် သနားဆေးတိုက်ကျွေးဖို့လိုအပ်နေပြီဖြစ်သည်။

ခုတော့လည်းကွယ် သနားဆေးပေးဖို့နေနေသာသာ နေစရာအိမ်မရှိလို့ လမ်းဘေးမှာခြေချနေထိုင်ရတဲ့ဘဝရယ်က နေ့ကောညပါအတန်တန် စည်ပင်ဆိုတဲ့ပျောက်ကျားတပ်ရန်ကို အလန့်တကြား စိုးရိမ်ခြင်းအတိနဲ့ အမြဲတမ်းသတိထားပြီးနေရလေပါ၏။ သတိချွတ်ချော်ပြီးကံဆိုးတဲ့လူတွေအဖို့ ပျောက်ကျားတပ်နှင့်တိုးပြီး ပုဒ်မပုဒ်ထီးတစ်သီကြီးအား လုံးဝမတိုးမိရလေအောင် တစ်နေ့တာအတွက် မရှိမယ့်ရှိမယ့်လေးတွေနဲ့ အငတ်ခံပြီးဖြေရှင်းနိုင်တာကိုဘဲ ဝမ်းသာရသည်ကအတန်တန်ဆိုပေမယ့် နှစ်မြို့မှုဆိုတာ ရင်ထဲမှာကိန်းအောင်းခြင်းမရှိနေတာအမှန်ဖြစ်သည်။

ကတုံးပေါ်ထိပ်ကွက်တယ်လို့ဆိုရင်ကော……အသူရာတို့၏ဘုံနန်းမှာ လျှင်သူစားကြစတမ်း ကျွန်ုပ်တို့ကမ္ဘာနဲ့ကွာခြားနေသေးရဲ့လား ကောင်းကြောင်းမကောင်းကြောင်းနှစ်ခုကို အပ်ကြောင်းထပ်ပြီးပြောနေကြတဲ့သူ တစ်ပုံတစ်ခေါင်းရှိပေမယ့် ဟို…ကရင်ပြည်နယ်မှာ ကရင်လူမျိုးတောသူတောင်သားတွေစားနေကြတဲ့ နိသိုးဥ(နှမ်းငါးပိ)နှင့်ကဏန်းကောင်လိုဘဲ တစ်ခုနှင့်တစ်ခုမဆိုင်သလိုနဲ့ ဆိုနိုင်လောက်သည့်အနေအထားဖြစ်ပေမယ့် အရာနှစ်ခုစလုံး တစ်ပြိုင်တည်းပါသွားနေကြတာဘဲဖြစ်သည်။

အကျိုးထူးလာတယ်ဆိုတာမမြင်ရသည့်အပြင် မွဲတေနေရတဲ့ပြည်သူတွေကို ပိုပြီးမြင်နေရလေခြင်းဖြစ်သည်။ ဒီလိုပြောတော့လည်း ဟိုးယခင်ရှေးပဝေသဏီခေတ်မှာ ဒါမျိုးမရှိလေရော့သလား မေးစရာရှိလာတော့သည်။ ဟုတ်ပါသည်။ ကံကိုသာပုံချရတော့မှာဖြစ်သည်။ ကံမလှတော့ ဘဝထကြွနိုးကြားမှုဘယ်လိုပင်ရှိပေမယ့် ဆင်းရဲခြင်းမှမလွတ်ကင်းနိုင်သေးရာဖြစ်သည်။ ကံကိုပြောကြစတမ်းဆိုရင် ဆင်းရဲခြင်း၏ဗီဇမျိုးစေ့ဆိုတာရှိလေရော့သလား။ ဆင်းရဲတာလည်းမျိုးစေ့ရှိမယ်ဆိုရင် လူသားဖြစ်ခြင်းအတူ

တူဘဲ အဲဒီမျိုးစေ့ကို မည်သူကယူပြီးစိုက်ပျိုးချင်ကြမှာလဲ။ ကံကိုယုံပြီးဆုူးပုံနင်းကြမယ်ဆိုရင် ဖြစ်လာမည့်နောက်ဆက်တွဲအကျိုးဆက်တွေကောကောင်းမှကောင်းနိုင်ပါ့မလား။

ဒီလွဲမှားသောအယူတွေ မခက်ပေဘူးလား။ ကံကြောင့် ပြည်တော်သာပြီး ကံကြောင့် ပြည်ကြီးမိုးမှောင်ကျရောက်လေလား။ ကံနှင့်ဆက်စပ်တဲ့မြန်မာပြည်သူတွေဟာ လောဘသမားတွေဝါးမျိုပြီး တောက်လောင်နေတဲ့ဘဝအပူမီးကိုငြိမ်းအေးဖို့အတွက် အဓိကလိုအပ်နေတာကငြိမ်းချမ်းရေးဖြစ်သည်။ ငြိမ်းချမ်းရေးသည် လူသားများအတွက် မရှိမဖြစ်လိုအပ်တဲ့အချက်ကြီးတစ်ရပ်ဖြစ်သည်။ ဒီအချက်ကြီးမရှိသမျှကာလပတ်လုံး တိုးတက်မှုမရှိနိုင်သေးဘူးဆိုတာသေချာပေါက်ဆိုရမှာဖြစ်သည်။

တိုးတက်မှုကိုလိုလားရင်တော့ အဓိကသော့ချက်ကိုပွင့်အောင်ဖွင့်လိုက်စမ်းပါ။ ပြည်သူများတိုးတက်နိုင်ဖို့အရေးသည် ဒီအချိန်မှာအရမ်းအရေးကြီးနေပြီဖြစ်သည်။ အရေးကြီးနေသည့်အရာကိုအလေးမထားဘဲ သပွတ်အူလိုအစရှာမရတာ မရှုပ်ထွေးရှုပ်ထွေးနေအောင် လုပ်နေလေတော့ ကိုယ့်ပြည်သူတွေချမ်းသာဖို့အရေးကို ကြောက်နေသလိုလိုဘဲဖြစ်သည်။

ဘယ်တတ်နိုင်ပါ့မလဲ။ လောဘသမားတို့မည်သည်မှာ မည်သူသေသေငတေမာရင်ပြီးရောဆိုနေတာဘဲ။ ဆိုင်းတီးခြင်းသဘောနဲ့ပြောမယ်ဆိုရင်တော့ ဒါတွေဟာစည်းဝါးကိုက်မယ်ဆိုရင် ဘီလူးဆိုင်းနှင့်ဘဲစည်းဝါးကိုက်မှာဖြစ်သည်။

ပေးလိုက်ပါငြိမ်းချမ်းရေး အတွေးအခေါ် အမြော်အမြင်ကြီးကြီးမားမားနဲ့ယူလိုက်ပါ။ ငြိမ်းချမ်းရေးတစ်ဖက်နှင့်တစ်ဖက် နားလည်မှုမလွဲမှားအောင် သံသယကင်းမဲ့စွာနဲ့ နှစ်ဖက်နှစ်တန်စိတ်ချစွာ ပြည့်ဝသောယုံကြည်မှုထားကြပြီး မသင့်လျော်သင့်လျော်အောင် မပြေလည်ပြေလည်အောင် မှန်မှန်ကန်ကန်နှင့် ငြိမ်းချမ်းရေးကိုဆောင်ရွက်ကြပါ။ ပေးလိုက်ကြ၊ ယူလိုက်ကြပါ။

ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်လ၊ ငြိမ်းချမ်းရေးဆွေးနွေးကြမယ်။ တစ်ပြောတည်းပြောနေကြပေမယ့် လေလုံးသက်သက်နဲ့ ဘာကိုဘာမှမဖြစ်လာသေးဘဲ ကနေ့ငြိမ်းချမ်းရေးကို မျှော်လင့်တောင့်တနေကြတဲ့ပြည်သူတွေ မနက်ဖြန်ဆိုလည်းမဟုတ်၊ သန်ဘက်ခါဆိုပြန်တော့လည်းမမှန်ကန်၊ ရနိုးနိုးနဲ့ တစ်သုတ်ပြီးတစ်သုတ်ဆောင်ရွက်ကြပြီး သေသွားနေတဲ့လူတွေလည်းအများကြီး ကနေ့ထိငြိမ်းချမ်းရေးဖြစ်မလာသေး။

ငြိမ်းချမ်းရေးကိုမလိုအပ်ဘဲ လောဘကြောင့်သတ်ဖြတ်ကြနေတာ တစ်ကယ်တော့ ဘာမှအကျိုးမရှိပေ။ သက်ရှိသောအရာအားလုံးသည် မသတ်မဖြတ်လည်း အချိန်တန်ရင်သေရမည့်အကောင်တွေချည်းဖြစ်သည်။ သေချိန်မတန်သေးလို့မသေဘဲနေနေရခြင်းဖြစ်သည်။ သေချိန်တန်သောအခါမှာ မသေပါနှင့်အုံး၊ နောင်နှစ်ခါတန်ဆောင်မုန်းပွဲကြည့်ပါအုံးလို့ ပြောနေပေမယ့် နေတော့မှာမဟုတ်ဘဲ သေမှာဘဲဖြစ်သည်။ သေခြင်းတရားဟာ သုံးဆယ့်တစ်ဘုံမှာမြဲပေမယ့် မသေခြင်းတရားကိုတော့ မြဲလေမည်မဟုတ်ပါ။ ဒါတွေကိုငြိမ်းချမ်းရေးဆောင်ရွက်နေကြတဲ့သူတိုင်း အမှတ်ရကြပြီး အများမျှော်လင့်တောင့်တနေကြတဲ့ငြိမ်းချမ်းရေးကို လောဘကိုခွာမှန်တာရှာပြီး ငြိမ်းချမ်းရေးအတွက် နှစ်ဦးနှစ်ဖက် ပြည့်ဝသောယုံကြည်ချက်နှင့် ပြေလည်အောင်လုပ်ဖို့လိုအပ်လှပေသည်။

ငြိမ်းချမ်းရေးမရှိတော့ လွတ်လပ်သောလုပ်ငန်းကိုင်ငန်းတွေ ကောင်းကောင်းမွန်မွန်မပြုနိုင်ကြဘဲ ဘဝဖြေိုးပြီးအလှမတိုးနိုင်တဲ့လူတွေ မြို့ပြထဲမှာ အိမ်မဲ့ယာမဲ့တွေရှိနေသလိုတောရပ်ဌါနေတွေမှာလည်း ငတ်ပြတ်နေတဲ့လူတွေရှိနေတာဘဲ။ ငတ်ပြတ်ဒဏ်မခံနိုင်လေတော့ ဒုက္ခသည်ဆိုတာပေါ်ပေါက်လာရခြင်းဖြစ်တယ်။ တစ်ကယ်တော့ ဒုက္ခသည်ဆိုတာ လူသားတိုင်းဖြစ်ချင်တာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ဆင်းရဲသားလို့အခေါ်ခံရတာ နားပူကြလွန်းလို့ဖြစ်သည်။

မခံနိုင်သောအဖြစ်ကိုမှ ဒုက္ခသည်ဖြစ်နေရတာကိုတွေးကြည့်ရင် ငြိမ်းချမ်းရေးနှင့်သက်ဆိုင်တယ်လို့ကောမဆိုနိုင်ဘူးလား။ ဒုက္ခသည်၏ဇစ်မြစ်ကိုရှာကြည့်ရင်တော့ မှန်ပါသည်။ မငြိမ်းချမ်းလို့ အဘက်ဘက်က ချွတ်ခြုံကျဆင်းပြီး မဖြစ်သင့်တာကိုဖြစ်၊ မပျက်သင့်တာကိုပျက်လူသားတွေရဲ့ဘဝဟာ လေလွင့်နေတဲ့ရော်ရွက်ဝါလို တည်နေရာမမြဲနိုင်ဘဲ ရေကြည်ရာမြက်နုရာအဖြစ်နဲ့ ရောင့်ရဲရလေတော့သည်။

“မကောင်းကိုရှောင်ကောင်းကိုဆောင်အိုတောင်မဆင်းရဲ” ဟုတ်ပါသည်။ ဆရာတော်ဘုရားများဟောပြောဆုံးမနေတဲ့ဗုဒ္ဓဓမ္မမှာ ကျွန်ုပ်တို့မြန်မာပြည်သူတွေဟာ မကောင်းကိုဆောင်မိလို့ဆင်းရဲရတာဖြစ်သည်။ မကောင်းမှန်းသိပါလျက်နှင့် နှစ်သက်နေရတာ၊ ကြည်နူးနေရတာ အားလုံးကိုကြည်ဖြူရတယ်ဆိုတော့ ဆင်းရဲမှာပေါ့။ ဒါဆို ဆင်းရဲတဲ့ဗီဇကို လက်ညှိုးထိုးပြီးညွှန်ပြနေမယ်ဆိုရင် အရပ်လေးမျက်နှာကိုထိုးရမှာလား။

“သဗ္ဗေသတ္တာကမ္မသကာ” ဆိုတော့ ကျွန်ုပ်တို့မြန်မာပြည်သူတွေဟာ ချောင်းငယ်သဖွယ်အသွယ်သွယ်စီတန်းစီးဆင်းနေသော ကျမျက်ရည်အဖြာဖြာတွေဟာ လူချမ်းသာမပျင်းလူပျင်းမချမ်းသာသည်ရယ်သို့ ရိုးရိုးသားသားကြိုးကြိုးစားစားနဲ့ အားလုံးမျှော်လင့်စောင့်ဆိုင်းနေသော တစ်ပြည်လုံးထာဝရငြိမ်းချမ်းရေးသည် ပျော်ရွှင်ပြီး ဝမ်းသာခြင်းအပြည့်အဝနဲ့ မလွဲမသွေသော တစ်နေ့နေ့တစ်ချိန်ချိန်မှာ……။

**အက်ကလိုသိန်း**



ပိာ်မုၣ်တၢ်တၢၣ်ပီၣ်တဲသကိးလၢ တၢ်မၤလိပူၤအဆၢကတီၢ် ဖဲနိၣ်ဖိဒဲကစီၤ

**တၢ်ဘီဘၣ်က့ၤ**

– မဲၤကစံလၢအပူၤကွံာ်ကတြူၢ်(၃)အဘ့ၣ်(၅),ကွၢ်ဖဲလံာ်ကုခိၣ်အပူၤစုစ့ၣ်, စံၣ်ညီၣ်ကွိၢ်ခိၣ်(၂)နၣ် ဖးဘၣ်က့ၤလၢစံၣ်ညီၣ်ကွိၢ်ခိၣ်(၁)တက့ၢ်.

– လံာ်ကဘျံးပၤ(၃၁)အပူၤ,သရၣ်ဆၣ်ရံၣ်ဒါနၣ် ဖးဘၣ်က့ၤလၢသရၣ်ဆၣ်ရံၣ်ထူတက့ၢ်.



# ငိုရှိုက်လေသောနှလုံးသား

လောကမှာ ငွေတဲ့ ငွေသည်မရှိမဖြစ်လူသားများအတွက် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သည်။ ငွေမရှိရင် ဘာမှလုပ်လို့မရသလိုငွေကြောင့် လောကလူသားတွေဟာ မြေလျှိုးမိုးပျံနေကြတယ်လို့ပြောရင် လက်ခံတဲ့သူအများဖြစ်ပြီး လက်မခံသူကတော့အနည်းဖြစ်လေမည်။ ဟုတ်ပါသည်။ ယေဘုယျသဘောဖြစ်သည်။ ခက်ခဲနက်နဲသောအရာတွေကို လုပ်နိုင်တာများသည်။ ငွေကသာ လှုပ်လှုပ်ရှားရှားမရှိပေမယ့် ငွေကြောင့် လူသားတွေကလှုပ်ရှားရလေခြင်းဖြစ်သည်။ ဒါကြောင့် ငွေလုပ်တယ်လို့တည့်တည့်ကြီးပြောရင်မမှားဘဲ မှန်ကန်လိမ့်မည်ဖြစ်သည်။ ငွေကြောင့် အသက်စတေးရမှာကိုမကြောက်ဘဲငွေကြောင့် မကောင်းမှုပြုဖို့ဆိုတာလည်းဝန်မလေးနိုင်ခြင်းဖြစ်သည်။

ငွေသည် မကောင်းမှုကိုပြုနိုင်သလိုကောင်းမှုတွေကိုလည်းပြုနိုင်လှပေသည်။ တစ်ခါတစ်ရံလူသားတွေဟာ အချစ်ကိုငွေနဲ့တိုင်းတာတာရှိသလို သို့မဟုတ် အချစ်ကိုငွေကအနိုင်ယူတာရှိသလို အချစ်ကလည်း ငွေကိုအနိုင်ယူကြတာရှိတတ်ကြလေခြင်း။ ကမ္ဘာလောကကြီးမှာအချစ်ကိုငွေကအနိုင်ယူတာဆန်းသလိုလိုဆိုရပါသော်လည်း ကြာလာသောအခါမှာတော့တစ်ဖြည်းဖြည်းနဲ့ မေးမှိန်တိမ်ကောပပျောက်သွားတာဘဲဖြစ်သည်။

အေး–ငွေကိုအချစ်ကအနိုင်ယူသောအခါမှာတော့ မဆန်းသလိုလိုနဲ့ဆိုရပါသော်လည်း မေ့လို့မရဖျောက်လို့မရဘဲ ကြာလေလေသတိယလေလေ၊ ကြာလေလေ လွမ်းရလေလေဖြစ်သည်။ ကျွန်ုပ်တို့အမိကရင်မြေမှာ စီးဆင်းနေတဲ့မြစ်မင်းသံလွင်ကို မုတ္တမကနေ တိဘက်ကုန်းမြေအထိ မြစ်မင်း၏နှစ်ဖက်နှစ်တန်သောကမ်းပါးဘေးတွင် ဖြူလွလွသောစေတီလေးများကိုအငယ်ခံသုံးလေးငါးဆူ မဖြစ်မနေတည်ရှိလေမည်ဖြစ်သည်။ အဲဒီစေတီတွေရဲ့နောက်ခံသမိုင်းကြောင်းကိုသိချင်တဲ့လူတွေရှိသလို ကိုယ်နှင့်မဆိုင်ဘဲ အမှန်မလွဲ မသိချင်တဲ့လူတွေလည်းရှိလှပါပေ၏။ ကျနော်လည်း ဟိုတုန်းကခပ်ပေ့ါပေ့ါလေးနဲ့အမှုမဲ့အမှတ်မဲ့နေကြလေတော့ ဘာရယ်ညာရယ်တွေးမထင်မိဘဲ တစ်ကယ်တမ်းမေးကြည့်တဲ့အခါမှာတော့–––––

ကြေကွဲဖွယ်ရာ ဝမ်းနည်းဖွယ်ရာ ကျမျက်ရည်သည်ကား ကိုယ်နှင့်မဆိုင်ပေမယ့် ပြင်းထန်သောဝေဒနာတစ်ခုသည် ကာယကံရှင်ကဲ့သို့ ခံစားမိပါတော့သည်။ မြစ်ကမ်းနပူးဘေးမှာတောင်တွေရှိရင် များသောအားဖြင့်ရေစီးတစ်အားသန်လွန်းလှသည်။ ကြောက်စရာကောင်းလှပေသည်။ ကြောက်စရာကောင်းတဲ့အရာကိုမှမကြောက်ဘဲ ရဲရဲဝံ့ဝံ့နဲ့ခုန်ချပြီးရင်ဆိုင်သွားတာဟာ တစ်ကယ်တော့ အချစ်ကငွေကိုအနိုင်ယူသွားတာဖြစ်တယ်။

ငွေကိုအနိုင်ယူရခက်သလောက် အချစ်နဲ့ပတ်သက်လာရင် သို့မဟုတ် နှလုံးသားအရေးနဲ့ပတ်သက်လာရင် ဘာကိုဘာမှမကြောက်တော့ဘဲ ပြုံးပြုံးလေးနဲ့ ငွေကိုလွယ်လွယ်လေးအနိုင်ယူသွားခြင်းဖြစ်သည်။ အဲဒီစေတီလေးတွေဟာ အမှတ်တရမမေ့နိုင်သောလွမ်းစေတီလေးတွေဖြစ်သလို ရိုးရိုးလွမ်းစေတီမဟုတ်တာလည်းပါပါသည်။ အဲဒီစေတီနှစ်မျိုးနှစ်စားထဲမှာမှ ယခုစာရေးသူပြောနေတဲ့စေတီကတော့ လွမ်းစေတီသာဖြစ်ပါပေသည်။ လူသားတို့၏နှလုံးသားနှစ်ခုဟာ ခွဲလို့မရအောင်ပူးကပ်နေသွားပြီဆိုရင် ဘာဘဲလာလာမမှုတော့ဘဲ သစ္စာရှိရှိနဲ့ အတူတူ အသက်စတေးသွားကြတာဘဲဖြစ်သည်။

ဂုဏ်ကြောင့် လူငယ်တွေကွေကွင်းရပြီး ကွဲကွာခြင်းဝေဒနာတွေခံစားနေကြရသလို ဂုဏ်ကြောင့် လူငယ်တွေသစ္စာရှိစွာဖြင့် အသက်ဆုံးရှုံးသွားရတာအများကြီးရှိခဲ့ပါသည်။ လူသားတိုင်း လူသားတိုင်း မွေးလာကတည်းကဘဝရိက္ခာပါပြီးသားဖြစ်တယ်။ လူငယ်တွေရဲ့ဘဝကိုပြေလည်အောင် လူကြီးတွေကဖန်တီးပေးနိုင်ပေမယ့် လူငယ်တို့၏ကြီးမားသောမျှော်လင့်ချက်နောက်ဆုံးနေ့ကို လူကြီးဘာမှမတတ်နိုင် မကူနိုင် မကယ်နိုင်ခြင်းဖြစ်သည်။

ဒါကြောင့် လူကြီးတိုင်း လူကြီးတိုင်း လူငယ်တွေကိုနားလည်တတ်ဖို့ လိုအပ်လှပေသည်။ လူငယ်တွေကိုနားမလည်တတ်လို့ လွမ်းစေတီလေးကျန်ရစ်နေတာကို အားမကျမိပါစေနဲ့။ လွမ်းစေတီသည် ပစ္စုပ္ပန်မှာ ယူကြုံးမရခြင်းနှင့်အတူ သံသရာမှာလည်း ကြောက်စရာကောင်းလှပေသည်။

ပစ္စုပ္ပန်အကြောင်းတရားသည် အနာဂတ်အကျိုးဖြစ်လာပြီး သံသရာတွင်ကောင်းနိုင်ဖို့ ပစ္စုပ္ပန်အကြောင်း အကောင်းတရားကောင်းဖို့လိုအပ်လှပေသည်။ ဂုဏ်တစ်ခုကြောင့် လူငယ်တို့၏တစ်ဘဝဆုံးရှုံးနစ်နာခြင်းတည်းဟူသော ပစ္စုပ္ပန်အကြောင်းတရားသည် အနာဂတ်သံသရာတည်းဟူသောအကျိုးတရား ခံစားရမလွဲဖြစ်သည်။

ကျွန်ုပ်တို့ကရင်ပြည်နယ်တစ်နေရာဖြစ်သည်။ ရာသီက နှင်းစိုစွတ်စွဲတာပို့တဲ့လမို့ သိပ်ကိုချမ်းလွန်းလှပေသည်။ ချမ်းလွန်းတဲ့ရာသီမှာ လူသားတွေဟာ မင်္ဂလာဆောင်ကြတာ အချို့သောအဘိုးအဘွားတွေက စောင်လိုအပ်သောရာသီရယ်မို့ စောင်ကိုရယူခြင်းသည် ကောင်းခြင်းမင်္ဂလာအဖြာဖြာဖြစ်သည်။ ဒါကြောင့် မင်္ဂလာတွေဆောင်ကြရတယ်လို့ ဟာသလေးတဟီးဟီးနှောပြီးရယ်လိုက်ကြသည်။ ဟုတ်ပါသည်။ တစ်ကယ်တော့ တစ်ယောက်တည်းအိပ်တာနဲ့ နှစ်ယောက်သားအတူတကွအိပ်နေကြတာဟာ မတူကိုမှမတူခြင်းဖြစ်သည်။ ချမ်းလွန်းတဲ့ရာသီမှာ တစ်ယောက်တည်းအိပ်ရင် ခန္ဓာကိုယ်ကြီးကြုပ်ကြုပ်ကွေးလို့ ပုတ်ပုတ်ကလေးဘယ်လိုပင်အိပ်ပေမယ့် အနွေးဓာတ်တွေမရဘဲ ဖိုဓာတ်နှင့်မဓာတ်နှစ်ယောက်သားအတူအိပ်နေရင်တော့

ဂွမ်းကပ်တွေမလိုတော့ဘဲ ဂွမ်းကပ်ထက်နွေးနေသော ခာတ်ကြီးနှစ်ခု သဘာဝကပေးသောအရာဖြစ်တဲ့အတွက် မလွန်ဆန်နိုင်သူအဖို့တော့ နွေးရလေခြင်းဖြစ်သည်။

ယနေ့သောခေတ်ကာလမှာ ကျေးလက်တောရွာမှာလည်း မင်္ဂလာတစ်ခါဆောင်ရင် သိန်းသုံးဆယ်လောက်တော့ကုန်ကျနေပါသဖြင့် ရှိတဲ့သူအဖို့ကတော့ သိန်းလေးငါးဆယ်ဘာမှမဟုတ်ဟုဆိုပေမယ့်လည်း မရှိတဲ့သူအဖို့ကတော့ မရှုန်းနိုင်ဘဲ အသင့်အတင့်နှင့်ဆောင်တာရှိသလို မင်္ဂလာဆောင်ပွဲလုံးဝမကျင်းပတာလည်းရှိသည်။ လူ့ဘဝတစ်သက်တာမှာ လက်ထပ်မင်္ဂလာပွဲမကျင်းပရင် ဘဝလူ့ညွန့်မတက်နိုင်ဘဲ ဆင်းရဲဒုက္ခအဖုံဖုံနဲ့ကြုံတွေ့ကြရတယ်လို့ပြောတဲ့လူတွေရှိသလို မရှိတဲ့လူတွေကတော့ မဆီမဆိုင်ဆိုပြီး မင်္ဂလာမဆောင်ဘဲနေသွားတာသူများတစ်လုပ်သူလည်းတစ်လုပ်ဖြစ်သည်။ သူများဆိုင်ကယ်ဆိုရင် သူလည်းဆိုင်ကယ် သူများကားဆိုရင်လည်းသူလည်းကားနှင့်ဘဲ။ ဒါကြောင့် မင်္ဂလာဆောင်ခြင်းဟာ အဓိကဟုတ်လိမ့်မည်မဟုတ်ဟုပြောရမလိုဖြစ်နေသည်။ ဒါပေမယ့် မင်္ဂလာဆိုတာ လူသားတိုင်းရှိသင့်ရှိထိုက်တာမို့ သင့်ရင်သင့်သလို ကျင်းပပြုလုပ်ဖို့ကောင်းလှပေသည်။ ဒါမှသာ ရွှေဂုဏ်မျိုးဂုဏ် ဆွေပြပွဲမျိုးပြပွဲရှိလာမှာဖြစ်သည်။

မိန်းကလေးများ၏ဘဝသည် မင်္ဂလာနေ့ထက် ပျော်ရွှင်တဲ့နေ့သည်ဘယ်မှာမှရှာလို့မရနိုင် နားသမင်္ဂလာ၊လက်ထပ်မင်္ဂလာ ဒီမင်္ဂလာတွေကိုလုပ်သင့်ပါလျက်နှင့် မလုပ်ခဲ့မိရင် မိန်းကလေးတို့ဘဝ ကြီးမားသောအရှုံးနှင့်ရှုံးရလေခြင်းဖြစ်သည်။ မင်္ဂလာလက်ထပ်ပွဲမှာ မိမိ၏ချစ်သူနှင့်လက်ထပ်ရသော ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲသည် လူ့ဘဝတစ်လျှောက်မှာ အပျော်ဆုံးအကောင်းဆုံးဖြစ်သည်။ မိမိ၏ချစ်သူနှင့်ထိမ်းမြားတာရှိသလို ချစ်သူမဟုတ်သောသူနှင့်လက်ထပ်မင်္ဂလာပွဲကျင်းပရတာလည်းရှိလှပါသည်။

ဂုဏ်တစ်ခုကြောင့်နှင့် မချစ်မနှစ်သက်အပ်ပေမယ့် လက်ထပ်ရတာကို စိတ်ချမ်းမြေ့မှုမရှိပါဘူးဟုဆိုရပါသော်လည်း အနေကြာလာသောအခါမှာတော့ သားသမီးတွေရဲ့မျက်နှာနှင့်ဘဲကျေနပ်ကြရတယ်။ ပျော်ရွှင်ကြရတယ်။ ပြေလည်သွားကြရတယ်။ သို့သော် ရင်ထဲမှဝေဒနာကတော့ လောင်ကျွမ်းနေတဲ့ဖွဲမီးလိုတမြေ့မြေ့ရှိနေတာဘဲဖြစ်သည်။

ကရင်ပြည်နယ်၏ တပို့တွဲလတွင် ကျင်းပနေသောမင်္ဂလာပွဲတစ်ပွဲ တစ်အားကိုချမ်းလွန်းလှနေပါသဖြင့် ဆွေကြီးမျိုးကြီး လူကုန်ထံတို့ပွဲဆိုတော့ စည်ကားသိုက်မြိုက်ခြင်းသည်အံ့မခန်းလောက်အောင်ဖြစ်နေသည်။ ကျေးလက်တောရွာဆိုပေမယ့် ဟိုအရင့်အရင်က ဘိုးဘွားတို့ခေတ်မျိုးလိုမဟုတ်ဘဲ တိုးတက်နေတဲ့ခေတ်ကြီးဆိုတော့ မြို့လိုဘဲ မဏ္ဍာပ်ကြီးကြီးထိုးပြီး စားပွဲ၊ ကုလားထိုင်စုံစုံလင်လင်နဲ့ သားနားကာစောင်းပေါက်သံတညံညံနှင့် ဘီယာသမားများအတွက် မငြင်းဆန်နိုင်သောအကွက်ကောင်းဖြစ်သည်။ ပရိသတ်ဆိုလည်း အချိန်အတိုင်းအတာက ၇း၀၀မှ ၁၂း၀၀နာရီအထိဆိုတော့ ဘယ်ပြောကောင်းမလဲ၊ စားတဲ့သူစား၊ သောက်တဲ့သူသောက်၊ စောင်းပေါက်ရေ့မှာကတဲ့သူက၊ တပျော်တပါးနဲ့ပျော်ရွှင်ကြတာကိုဘဲ အံ့မခန်းနိုင်သောကျေးလက်မင်္ဂလာပွဲတစ်ခုဖြစ်သည်။ သတ်မှတ်ထားသောအချိန်အတိုင်းအတာပြည့်ပါသော်လည်း ပရိသတ်တွေမစဲသေးတော့ စားပွဲခုံတွေမသိမ်းသေးဘဲ ဆက်ပြီးကျွေးနေကြစမြဲဖြစ်သည်။

အချိန်က ၅း၀၀နာရီအချိန်ဖြစ်သည်။ ရေမိုးချိုးပြီးတာနဲ့ ဗီးလိမ်းလို့ပြီးသောအခါမှာတော့ မင်္ဂလာပွဲလာရောက်ပြီးလက်ဖွဲ့တာငွေတွေပါသလို အထုပ်တွေလည်းပါနေပါသဖြင့် အထုပ်များထဲမှာမှ ဆန်းပြားသောရှယ်အထုပ်တစ်ထုတ်ကိုရွေးထုတ်ပြီး သတို့သားချစ်ဦးမောင်ကလက်နှင့်ကိုင်ပြီးသေသေချာချာကြည့်ရှုလိုက်လေသည်။ အဲဒီအထုပ်သည် အခြားသောအထုပ်နှင့်မတူဘဲ လေးထောင့်ပုံသဏ္ဌာန်အထုလက်လေးလုံးသာသာရှိတဲ့အထုပ်ဖြစ်သည်။ လက်လေးလုံးလောက်သာရှိပေမယ့် အချိန်ကတော့တစ်အားကိုစီးနေပါသဖြင့် ဖွင့်ဖို့လုပ်တော့လည်း လက်ကလေးကတုံချင်သလိုလိုဖြစ်နေသည်။

အမှားနှင့်အမှန်နှစ်ခုကြားမှာ အမြဲတမ်းရပ်တည်နေသောအရာတစ်ခုသည် မြင်နိုင်သည့်စွမ်းအားမရှိပေမယ့် ပြေလည်အောင်ဆောင်ရွက်တတ်လေသောအရာဖြစ်နေပါသဖြင့်စေ့စေ့ကြည့်လျှင် ရေးရေးကလေးမြင်ရလေမည်ဖြစ်သည်။ ရေးရေးလေးမြင်လာသောအခါမှာတော့ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ အရာအားလုံးကိုပြေလည်သွားစေပါသည်။ မျက်လုံးကငိုနေပြီး မျက်ဝန်းအိမ်ထဲမှကျလာသောမျက်ရည်သည် အထင်းသားမြင်ရပေမယ့်လည်း နှလုံးသားမှငိုရှိုက်ပြီး ကျလာသောနှလုံးသားမျက်ရည်တွေက သေသည့်တိုင်မြင်တွေ့လို့မရနိုင်ပါသဖြင့် ခံစားရပြင်းထန်လွန်းပြီး မငိုမိအောင်မရှိုက်မိအောင် အတတ်နိုင်ဆုံး အတန်တန်ထိန်းချုပ်ပါသော်လည်း ပြင်းထန်၍ပေါက်ကွဲလာသောအခါမှာတော့ ဘယ်လိုမှထိန်းချုပ်လို့မရဘဲ နာကျည်းမှုဝေဒနာတွေ မလွဲမသွေခံရလေတော့ခြင်းဖြစ်သည်။ နောက်ဆုံးမှာတော့ ဒီအတွက်နဲ့ကွေကွင်းခြင်းရှိသလို လွမ်းစေတီလေးတွေလည်း ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။ အေး–ပြေလည်သွားတာကိုတော့ အနည်းသာဆိုရလေမည်ဖြစ်သည်။

အထုပ်ကလေးရဲ့အပေါ်မှာ လှလှပပနဲ့ရေးထိုးထားသောစာတမ်းလေးက––––––။ အတွက်–––––––

"ချစ်ဦးမောင်နှင့် တယုဖော"
မင်္ဂလာမောင်နှံ

၅၊၂၊ ၂၀၁၃

"စော"

ဆန်းပြားလေသောအထုပ်ကို အားတင်းပြီးဖွင့်လေတော့သည်။ လောကမှာ ချစ်ဦးသူနှင့်ညားရတာရှိသလို မညားရတာလည်းရှိလှပါပေ၏။ တုံချင်နေသောလက် ဖွင့်ရက်တတ်တဲ့လက် မြင်ရပါလေပြီ။ အပြာရောင် သန်းကျပ်တစ်သောင်းတန်သုံးထုတ်ဖြစ်သည်။ ကျပ်တစ်သောင်းတန်တစ်ထုတ်လျှင် ရွက်ရေတစ်ရာရှိနေပါသဖြင့် သုံးထုတ်ဆိုတော့ ရွက်ရေသုံးရာပေ့ါ။ ရွက်ရေတစ်ရာကို ဆယ်သိန်းဆိုတော့ ရွက်ရေသုံးရာကိုသိန်းသုံးဆယ်ဖြစ်လေသည်။ နေရင်းထိုင်ရင်းနဲ့မင်္ဂလာပွဲမှာတစ်ဦးတည်းတစ်ယောက်တည်း သိန်းသုံးဆယ်ကို လာရောက်လက်ဖွဲ့သွားတာ ချစ်ဦးမောင်တစ်ယောက် ဝမ်းသာရမည့်အစား ဝမ်းမသာနိုင်ဘဲ သိန်းသုံးဆယ်သောငွေကိုတွေဝေစွာကြည့်ရင်း အချစ်ဆိုတာခွင့်လွှတ်ခြင်းနှင့်အနစ်နာခံခြင်းဖြစ်ကြလေရာ သိန်းသုံးဆယ်ကိုလာရောက်လက်ဖွဲ့သွားသော"စော"ဆိုသောအမည်နာမအက္ခရာတစ်လုံးသည် သတို့သား"ချစ်ဦးမောင်"၏အသဲနှလုံးကို တမဟုတ်ခြင်းကိုင်လှုပ်သွားလေတော့သည်။



**အာကာမောင်မောင်**

# နေ့တစ်ည



ညဇနာရီဆိုပေမယ့် အတော်လေး ငြိမ်သက်စပြုနေပြီ။ ရပ်ကွက်ထဲက တစ်ခုတည်း သောဘီလိယက်ခုံတွင်တော့ ထိုးသူနှစ်ဦး၊ သုံးဦး လောက်ရှိနေကြသေးသည်။ ရပ်ကွက်ကလည်း လမ်းမကြီးဘေးတွင်သာ။ ကားတွေကတစ်စီးစ၊ နှစ်စီးစဖြတ်ဖြတ်သွားနေကြသည်။ ထိုဘီလိ ယက်ခုံမှ အသံတချို့ ပတ်ဝန်းကျင်ကိုတစ်ချက် တစ်ချက်ပြန့်သွားသည်မှလွဲ၍ ညကတော့တိတ် ဆိတ်လျက်။

ဒေါ်လှအေးတစ်ယောက် ဘုရားဝတ် ပြုသည်။ ထို့နောက်မေတ္တာပို့ပြီး တရားဆက် မှတ်သည်။ အားလုံးပြီး၍ လှည့်ကြည့်လိုက်သော အခါ တူနှင့်တူမက စာအုပ်ကိုယ်စီနှင့် ငိုက်နေ ကြပြီ။ တကယ်တော့ ဒေါ်လှအေးကအပျိုကြီး။ အလယ်တန်းကျောင်းအုပ်ဘဝနှင့် ပင်စင်ယူ ထားသည်မှာသုံးနှစ်ပင်ကျော်နေပြီ။ ဒေါ်လှ အေးတွင် အသက်၁၀နှစ်လောက်ငယ်သော မောင်တစ်ယောက်ရှိသေးသည်။ အိမ်ထောင် သည် သို့သော် ငယ်ငယ်ရွယ်ရွယ်နှင့် အရက်စွဲ ကာ ကလေးတွေအရွယ်မရောက်ခင်မှာပင်ဆုံး သွားသည်။ သူ့မိန်းမမှာ ကလေးနှစ်ယောက် နှင့်အားကိုးလည်းမရှိသဖြင့် ဒေါ်လှအေးနှင့်လာ နေကြသည်။ နှစ်နှစ်လောက်ကြာတော့ ထိုင်း တွင်အလုပ်သွားလုပ်ပြီး ငွေပြန်ပို့မည်ဟုဆိုကာ ကလေးတွေကို ဒေါ်လှအေးနှင့်ထားခဲ့ပြီး ထွက် သွားလေသည်။

ပထမတော့ပို့သေးသည်။ နောက် တော့ အိမ်ထောင်ပြုလိုက်သည်ဟု သတင်းသဲ့ သဲ့ကြားရသည်။ အဆက်အသွယ်လည်းမလုပ် တော့။ ကလေးနှစ်ယောက်နှင့် ဒေါ်လှအေး လည်း အတော်လေးရုန်းကန်ခဲ့ရသည်။ အခု တော့ အကြီးမလေးက တက္ကသိုလ်နောက်ဆုံး နှစ်၊ အငယ်ကောင်လေးက ၁၀တန်း။ ဒေါ်လှ အေးလည်း မိဘလက်ထက်ကရခဲ့တာရယ်၊ စု ဆောင်းခဲ့တာရယ်ပေါင်းပြီး ယခုလို လူတန်းစား စုံသောရပ်ကွက်ထဲတွင် နေစရာလေးတစ်ခုဖန် တီးခဲ့ရသည်။ တစ်ခြားနေရာတွေလည်းမတတ် နိုင်တာပါ။ ရပ်ကွက်က လက်လုပ်လက်စားတွေ များသည်။ ဆိုက်ကားသမား၊ ပန်းရန်၊ လက်သ မားအုတ်သယ်သူ၊ ရေတွင်းတူးသူ၊ ယာဉ်နောက် လိုက်သူ စသည်ဖြင့်စုံလှသည်။

ဒေါ်လှအေးလည်း လက်လုပ်လက် စားအများစုကို အတိုးနည်းနည်းဖြင့် ငွေချေး၊ ပြီးနောက် ပင်စင်လစာလေးဖြင့်ပေါင်းကာ မိ သားစုသုံးယောက်ရှေ့ဆက်နေရသည်။ သို့ သော် ဒေါ်လှအေးကိုတော့အများကလေးစား ကြသည်။ ဒေါ်လှအေးသည်နာရီကိုလှမ်းကြည့် သည်။ ၁၀နာရီကျော်နေပြီ။ ကလေးတွေကိုနှိုး ရမည်။ သို့သော် ကလေးတွေကိုငေးကြည့်ရင်း သူတို့တွေရဲ့အနာဂတ်တွေကောင်းဖို့ ရုန်းရဦး မှာပါလားဟုတွေးသည်။ လူကသာငြိမ်နေပေ မယ့် စိတ်တွေကတော့ အတွေးစတွေနောက်ကို လိုက်ပါနေသည်။ တွေးနေရင်း အသံတစ်ချို့ ဒေါ် လှအေးနားထဲသို့တိုးဝင်လာသည်။

"ဟဲ့ -- အေးမြ ထဦး"

ဒေါ်လှအေးသည် သူ့တူမအေးမြကိုလှုပ်နှိုးသည်။

"ဘာလဲ -- ကြီးကြီးရဲ့"

"ဘာလဲလုပ်မနေနဲ့။ သေချာနားထောင်စမ်း။ ဘာသံလဲလို့။ နင့်မောင်ကိုလည်းနှိုး"

"ရန်ဖြစ်တာနေမှာပေါ့။ ဒီလိုပဲဖြစ်နေကျပဲဟာ။ အိပ်တော့မယ်။"

တူမလုပ်သူက အိပ်ရာခင်းဖို့လုပ်နေရင်းကနေ သူ့မောင်ကိုလှုပ်နှိုးနေသည်။ အသံတွေတိတ် ဆိတ်သွားပြန်သည်။ တစ်အောင့်နေ တံခါး ခေါက်သံကြားရသည်။ ခေါ်သံလည်းကြားရ သည်။ ဒီအသံကို ဒေါ်လှအေးရင်းနှီးပြီးသား။

"ဟဲ့အေးမြ-- တံခါးသွားဖွင့်ပေးလိုက်၊ ထွေးရီ တို့ဖြစ်မယ်။ နင့်မောင်ကိုလည်း ခြင်ထောင်ထဲ သွားအိပ်ခိုင်း။"

အေးမြကတော့ သူ့မောင်ကိုထပ်မံလှုပ်နှိုးပြီး တံခါးသွားဖွင့်ပေးသည်။ အိမ်ကလည်းကျဉ်း သည်။ တံခါးဖွင့်လိုက်တော့ ထွေးရီတို့သားအမိ ပျာပျာသလဲဝင်လာသည်။ ဒေါ်လှအေးလည်း အေးမြကိုတံခါးပြန်ပိတ်ခိုင်းလိုက်သည်။ သားအ မိနှစ်ယောက်စလုံးပြေးလာကြသဖြင့် ချွေးတွေရွှဲ ကာမောနေကြသည်။

"ဟဲ့--- အငယ်ကောင်လေးရော"

"ခြင်ထောင်ထဲမှာ ကျန်ခဲ့တယ်ဆရာမ"

"ကဲပြောပါဦး၊ ဘာဖြစ်ကြပြန်တာလဲ။"

"ပိုက်ဆံတောင်းတာမပေးလို့"

"နည်းနည်းပါးပါး စိတ်ကျေနပ်အောင်ပေးလိုက် ပေါ့။ ကိုယ့်ယောက်ျားအကြောင်းလည်းသိနေ တဲ့ဟာကို။ ဒီလောက်အထိပြဿနာအဖြစ်ခံ တယ်နော နင်တို့ကလည်း"

"အခုဟာက နည်းနည်းမဟုတ်ဘူး။"

"ဘယ်လောက်တောင်းတောင်းလို့လဲ။"

"တစ်သိန်းခွဲစလုံးတောင်းနေတာ။"

"ဟဲ့-- အဲ့ဒါနင့်သားကျောင်းကိစ္စအတွက် ငါ အတိုးမယူဘဲချေးလိုက်တဲ့ငွေမဟုတ်လား။"

"အဲ့ဒါကြောင့်မပေးတာပေါ့။ ဒီအရည်တွေ သောက်ပြီး သေပဲမသေနိုင်တော့ဘူးဟီး---"

ထွေးရီကပြောရင်းငိုချလေသည်။ တ ကယ်တော့ ထွေးရီတို့လင်မယားက အညာက နေလာလုပ်စားကြသည်။ ရပ်ကွက်ထဲမြေငှားပြီး အိမ်ဆောက်နေကြသည်။ သားနှစ်ဦးရှိသည်။ အငယ်ကောင်လေးကငါးတန်း၊ အကြီးကောင် လေးက မနှစ်ကပင် ၁၀တန်းအောင်ထားသည်။ ဆရာတစ်ယောက်က နိုင်သလောက်ပေးပါဟု လာခေါ်သဖြင့် နှစ်ဝက်လောက်မှကျူရှင်တက် ဖြစ်သည်။ ထွေးရီကလည်း မနက်စောစော စမူ ဆာနှင့်အီကြာကွေးကြော်ရောင်းသည်။ သူ ကြော်သမျှကို အကြီးကောင်လေးက ကျူရှင်မ သွားခင် ဆိုက်လိုက်သွင်းပေးရသည်။ ဒါတောင် ကောင်လေးကဂုဏ်ထူးတစ်ဘာသာပင်ပါလိုက် သေးသည်။ အမှတ်လည်းကောင်းသည်။

နောက်တော့ သူ့ဆရာကခေါ်တွေ့ပြီး စစ်အင်ဂျင်နီယာတက်ရန် အကြံပေးသည်။ တက်မည်ဆိုပါက ကျူရှင်အရင်သွားတက်ရန်နှင့် နောက်ဆုံးအချိန်အထိ ငွေသုံးသိန်းခန့် စရိတ်စကကုန်နိုင်သဖြင့် သူ့ဆရာက တစ်သိန်းခွဲစိုက်မည်။ ကျန်တစ်ဝက်ကို သူ့အမေက ဒေါ်လှအေးထံမှလာဆွဲထားသည်။

"နေပါဦး၊ ကိုယ့်သားလေးပညာတတ်စစ်ဗိုလ်ဖြစ်ဖို့ဒီပိုက်ဆံနဲ့သွားလာရမှာ၊ ဘာလို့တောင်းနေရတာလဲ။"

ထွေးရီကလည်း မျက်ရည်သုတ်နေရင်းမှ–

"စစ်ထဲဝင်တာမကြိုက်ဘူးတဲ့လေ။"

"ဘာလို့မကြိုက်ရတာလဲပြောပါဦး။"

ဒီလိုနှင့်ထွေးရီလည်း ဒေါ်လှအေးကိုဖြစ်ကြောင်းကုန်စင်ရင်ဖွင့်တော့သည်။ ထွေးရီယောက်ျားလည်း အရင်တုန်းက စစ်သားပင်ဖြစ်သည်။ တပ်ထဲဝင်ခါစ ထွေးရီနဲ့မရခင်ကပင် အရက်သောက်တတ်နေပြီ။ ထွေးရီနှင့်ညားပြီးနောက်ပိုင်းလည်း ပုံမှန်သောက်သည်။ သွေးလည်းဆိုးသည်။ တစ်နေ့အရာရှိတစ်ဦးနှင့် ပြဿနာတက်သည်။ ကြီးကြီးမားမားဖြစ်ကြသဖြင့် နောက်တော့ ဆေးပင်စင်နှင့်ထွက်ခွင့်ရလိုက်သည်။ အခုတော့ သားကို တပ်ထဲဝင်မည့်ကိစ္စနှင့် ပြဿနာရှာနေလေပြီ။

သူကစစ်သားလေ။ ပညာကသုံးလေးတန်းနဲ့ဝင်တာ။ နောက်ပြီး အသောက်အစားကလည်းမလွှတ်ဘူး။ အခုကိုယ့်သားလေးက ပညာတတ်၊ သူ့လိုမဟုတ်ဘူး။ ရိုးရိုးအေးအေးနေတာ။ နောက်ပြီး အရာရှိဖြစ်မှာလေ။

"နင့်ယောက်ျားဘာတွေကြောက်နေလဲမသိဘူး။"

"မပြောတတ်တော့ပါဘူးဆရာမရယ်။ အခု ပိုက်ဆံကသေတ္တာထဲမှာ၊ သော့တွေဘာတွေရိုက်ဖွင့်နေပြီလားမသိဘူး။ ခေါကိုင်လို့သာကြောက်ပြီးပြေးလာရတာ။ စိတ်မချဘူး။"

အားလုံး သက်ပြင်းကိုယ်စီနှင့် ငြိမ်နေတုန်း အိမ်ရှေ့မှအသံတစ်သံထွက်လာသည်။

"ဗျို့–– ဆရာမ၊ ကျနော့်မိန်းမရောက်နေလား။"

"ဟဲ့–– မရှိဘူး။"

"ဘယ်သွားကြလို့လဲ ဒီအချိန်ကြီး။"

"ဝင်လာလို့တွေ့ရင်ပြောလိုက်ပါဦး။ ပိုက်ဆံတွေကျနော်ယူသွားပြီလို့" ဟား––ဟား––ဟား

ဒေါ်လှအေးလည်း ဘာပြောလို့ပြောရမှန်းပင်မသိ။ ရဲစခန်းတိုင်ရအောင်လည်း ကိုယ့်မိသားစုမဟုတ်။

သူများမိသားစုကိုလည်း ထိုကဲ့သို့ အကြံမပေးရက်သဖြင့် အကြံခက်နေသည်။ ထွေးရီကတော့ နံရံကိုသာငေးနေသည်။ ကောင်လေးကတော့ သူ့ဆရာကိုဘယ်လိုပြောရမလဲဟု စဉ်းစားနေပုံရလေသည်။

ငြိမ်းသွင်စိုး



ကရူၢ်တၢ်ထံၣ်လိာ်တၢၣ်ဖိၣ်တဲသကိးဘၣ်ဃးကီၢ်ပယီၤထံရူၢ်ကီၢ်သဲးတၢ်မၤတၢ်ချၣ်အခၢ့်
ဖဲနူသထူၣ်ကီၢ်ရှၣ်